# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၃၁၂)၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၁၅-၁၀-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဧည့်ဂေဟာ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၃ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev တို့ တွေ့ဆုံဆွေးနွေးစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပြင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

၀-၀-၀-၀-၀

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၁၅ ရက် ၊ ဗုဒ္ဓဟူးနေ့ ။

မန္တလေး

# အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိ

လူ့ဘောင်လောကတွင် မွေးကင်းစလူဖြစ်လာသည့်အရွယ်မှစတင်ကာ ပတ်ဝန်းကျင်ကိုလေ့လာ၍ သင်ယူတတ်မြောက်လာကြရသည်။ ထိုမှတစ်ဆင့် အရွယ်ရောက်စအချိန်တွင် အသက်အရွယ်အလိုက် အသိပညာတိုးပွားစေမည့် ပညာတို့ကို လေ့လာသင်ယူကြရသည်။ လူလားမြောက်သောအရွယ်တွင် အသိပညာ၊ အတတ်ပညာ၊ တီထွင်ကြံဆ၊ ဆင်ခြင်တုံတရားများ မြင့်မားလာအောင် ကြိုးပမ်းအားထုတ်ကြရသည်။ ဆက်လက်ပြီး မိမိအကျိုး၊ တိုင်းပြည်အကျိုး တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ကြသည်။

ဤသည်မှာ လူတို့ဘဝအဆင့်ဆင့် တိုးတက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ရသည့် အားလုံးအနာဂတ်အတွက် ဦးတည်ဆောင်ရွက်ချက်ဖြစ်သည်။ လူဖြစ်လာလျှင် မလွဲမသွေလုပ်ဆောင်ရမည့် ဘဝတိုးတက်ရေးလုပ်ငန်းစဉ်ဖြစ်သည်။ လူဖြစ်လာလျှင် ဘဝတိုးတက်ရေးအတွက် လူတိုင်းလူတိုင်း ပညာသင်ကြားကြရသည်။ ပညာသင်ကြားခြင်းသည် ကလေးသူငယ်၊ လူငယ်အားလုံးအတွက် အခွင့်အရေးတစ်ခုဖြစ်သလို တာဝန်လည်းဖြစ်သည်။

ပညာသည် လူတိုင်းအတွက် မိတ်ဆွေကောင်းဖြစ်သည်။ လူတိုင်းတွင် အကျိုးအပြစ်ကို ခွဲခြားနိုင်စွမ်းရှိရန်အတွက် ပညာရှိမှသာဖြစ်မည်။ သို့မှသာ အကောင်း၊ အဆိုး၊ အမှား၊ အမှန်ကို ပိုင်းခြားဆင်ခြင် သိမြင်နိုင်မည်လည်းဖြစ်သည်။ လောကနီတိတွင် "ဤလောက၌ အတတ်ပညာသည် အဆွေခင်ပွန်းဖြစ်၏။ တမလွန်၌ ချမ်းသာကို ဆောင်တတ်၏"ဟု ဆိုထားသည်။

ပညာသည် လူတိုင်းအတွက် မွေးလာသည်မှ သေသည်အထိ စစ်မှန်သော မဖောက်ပြန်သော အဆွေခင်ပွန်းလည်းဖြစ်သည်။ လူသားတိုင်း၏ အတွေးအခေါ်၊ အပြုအမူ၊ အဆင့်အတန်းကို ပညာကသာ ပြုပြင်မြှင့်တင်ပေးပါသည်။ ဘဝတွင် အခက်အခဲ အကျပ်အတည်း တစ်စုံတစ်ရာကြုံတွေ့ရပါကလည်း ပညာဖြင့်သာ ဆင်ခြင်ဖြေရှင်းရမည်ဖြစ်သည်။ ထို့ကြောင့် အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေးအတွက် ပညာကို အရွယ်မရွေး၊ နေရာမရွေး၊ အချိန်မရွေး ရှာဖွေဆည်းပူးရမည်ဖြစ်သည်။

ပညာသင်ကြားရေးတွင် စာသင်ကျောင်းသည် လူသားအားလုံးအတွက် ရေခံမြေခံ ဘူမိနက်သန် နေရာမှန်ဖြစ်သည်။ အားလုံးအတွက် ပညာအမွေသန္ဓေတည်ရာ ဖြစ်သည်။ ပညာသည် ဘဝမြင့်မားရေးအတွက်သာမက တိုင်းပြည်၏ အနာဂတ်ကို ပုံဖော်ထင်ဟပ်စေသည့် အခြေခံအုတ်မြစ်ဖြစ်သည်။ ထို့ကြောင့် ပညာသင်ကြားရေးတွင် စာသင်ကျောင်းသည် စာပေသင်ကြားပေးသည့် နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုရေးကျင့်ဝတ်များကို သင်ကြားပေးသည့် နေရာမျိုးဖြစ်ရန် လိုအပ်မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိရာ ဒေသအသီးသီးရှိ စာသင်ကျောင်းများတွင် ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းနေ ရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသားကျောင်းသူများ အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားစေရေးသာမက ဉာဏ်ပညာနှင့် တည်ဆောက်ထားသည့် လူ့ဘောင်အသိုင်းအဝိုင်း ဖြစ်ပေါ်လာစေရေးကို အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါ စာသင်ကျောင်းများတွင် ပညာသင်ကြားရေးသာမက ပညာရေး၏အနှစ်သာရဖြစ်သော အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုရေးကျင့်ဝတ်များကိုလည်း သင်ကြားပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ရွှေကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပုသိမ်ကြီး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် ရပ်ကွက်၊ကျေးရွာ ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြင့် တွေ့ဆုံ၍ ရွှေကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွှေကောက်ပွဲကော်မရှင် အရာရှိက ရွှေကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ရပ်ကွက်၊ ကျေးရွာရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွှေကောက်ပွဲဆိုင်ရာ အထွေထွေလုပ်ငန်းများအား တင်ပြကြရာ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် ကော်မတီဝင်များ၊ မြို့နယ်ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစည်သူ၊ မြို့နယ်ရွှေကောက်ပွဲအရာရှိ ဒေါ်ခင်စောယုသင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။**စာနည်ကိုကို**

## တိုင်းရင်းဆေးကုဌာနမှ နယ်လှည့်ကွင်းဆင်း ကျန်းမာရေးစောင့်ရှောက်မှုပေး

**မြစ်သား အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်ပေတောပရဟိတ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား တိုင်းရင်းဆေးကုဌာနမှ နယ်လှည့်ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်ပေးမှုကို ယနေ့နံနက် ၉ နာရီက ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်စိုပြေဝင်းက ကျောင်းသား၊ ကျောင်းသူများကို တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် မိုးရာသီတွင် အဖြစ်များတတ်သော နှာစေး၊ ချောင်းဆိုးခြင်း၊ အစာမကြေခြင်း၊ သဲဝဲစားခြင်းနှင့် အရေပြားရောဂါများကို ကုသပေးခြင်း၊ သောက်ဆေးပေးခြင်း၊ လိမ်းဆေးပေးခြင်းများကို ကျောင်းသား၊ ကျောင်းသူ ၁၀၁ ဦးအား ကုသပေးခဲ့သည်။

မြစ်သားမြို့နယ် တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူးနှင့်ဝန်ထမ်းများက မြို့ပေါ်ရှိ စာသင်ကျောင်းများနှင့် ကျေးရွာများရှိ စာသင်ကျောင်းများကိုလည်း သတ်မှတ်ရက်များအလိုက် နယ်လှည့်ကွင်းဆင်း ကုသပေးသွားမည်ဖြစ်ကြောင်း မြို့နယ်တိုင်းရင်းဆေးကုဌာန တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## အိမ်သုံးမီတာများအား စနစ်တကျရှိစေရေးနှင့် တရားမဝင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ အိမ်သုံးမီတာများအား စနစ်တကျရှိစေရေးနှင့် တရားမဝင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု မရှိစေရေး ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း မိတ္ထီလာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းကို၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကို ဦးဆောင်သော ဝန်ထမ်းများက မိတ္ထီလာမြို့နယ်အတွင်း တပ်ဆင်အသုံးပြုနေသော အိမ်သုံးမီတာများ၏ ယူနစ်ဖတ်ချက်များ မှန်ကန်စေရေး၊ ဓာတ်အားသုံးစွဲမှု စနစ်တကျရှိစေရေး၊ ဓာတ်အားခပေးဆောင်မှုနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှု အခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(၄၆၉)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ ၇၄လမ်း ၂၈လမ်းနှင့် ၂၉လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ရန်-မန်းလမ်း၊ မိုးထိအောင်စည်ရိပ်သာအရှေ့ဘောလုံးကွင်းအတွင်းတို့တွင် ရောင်းချပေးခဲ့သည်။ **(အောက်ပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို အောက်တိုဘာ ၁၅ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရတနာအနောက်ရပ်ကွက်၊ ၈၅လမ်း၊ ၃၆လမ်းနှင့် ၃၇ လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံအနောက်ဘက်တို့တွင်လည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ ၅၉လမ်း၊ ၁၁၂ လမ်းနှင့် ၁၁၃ လမ်း၊ ကံသာယာရပ်ကွက်တွင်လည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၅၅လမ်းနှင့် ၁၂၀လမ်းထောင့်၊ ပြည်ရန်ကျော်ဈေးအနီးတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

☆ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander AZIZOV နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူငယ်ကဏ္ဍ၊ ဆောက်လုပ်ရေးနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

### အပြန်အလှန် ပေးအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်စဉ်။





## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Fara Myanmar EV Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC TOYOTA BZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Amazing Auto Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC TOYOTA BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Grand Sirius Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၄

၁၃၈၇ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများဆက်လက်လှူဒါန်းကြသည်။



ထိုသို့လှူဒါန်းရာတွင် လေအန်ကုန်းစာပေရပ်ဝန်းက အလှူငွေကျပ် ၅၀၅၀၀၀၊ အောင်မြေသာစံမြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၃၃၀၀၀၀၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကေလာသ ပဏ္ဍိတာရာမကျောင်းတိုက်က ငွေကျပ် သုံးသိန်း၊ ဒေါက်တာရီရီလှ(ယုဝတီခင်ဦး)၊ ဦးနေလင်း (မောင်ချို၀ေ) - သမီး ရွှေရုပ်(မှော်ဘီမြို့)နှင့် တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် နှစ်သိန်းစီ၊ သဃ်န်းကျွန်းမြို့နယ် စာရေးဆရာအသင်းနှင့် မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ ဒေါ်မြမြသန်း(မနှင်းဖွေး)၊ ဦးထင်လင်းကျော်၊ ဒေါက်တာမောင်မောင်မြင့်-ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)(ဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်စာရေးဆရာအသင်း)၊ ဒေါ်ခင်ဝင်းမေ၊ ဦးသိမ်းထွန်း (စစ်ရဲအိမ်)၊ (ဂီတစာဆို မောင်မျိုးသူ)- မရည်မွန်(ကျုံပျော်)၊ ဇမ္ဗူသီရိမြို့နယ် စာရေးဆရာအသင်း၊ ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်း၊ တာမွေမြို့နယ်စာရေးဆရာအသင်း၊ ရန်ကင်းမြို့နယ်စာရေးဆရာအသင်း၊ အင်းစိန်မြို့နယ်စာရေးဆရာအသင်းနှင့် မှော်ဘီမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမြကျော် (မောင်မြကျော်)၊ ဦးလှတိုး (တိုးထက်)၊ စာရေးဆရာမ သက်ဦးခင်၊ ဒေါ်ခင်တင့်ဝေ(ခင်တင့်ဝေ-မြို့တော်စည်ပင်)၊ ဦးစိုးမြင့်(လက်ပံနီ)၊ ညောင်လေးပင်မြို့နယ်စာရေးဆရာအသင်း၊ ခရမ်းမြို့နယ်စာရေးဆရာအသင်း၊ မြောက်ဥက္ကလာပမြို့နယ်စာရေးဆရာအသင်း၊ သထုံမြို့နယ်စာရေးဆရာအသင်းနှင့် မြိတ်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူးဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့်တွဲဖက်အတွင်းရေးမှူး ဦးအောင်ကြည်(အောင်ကြည်ညွန့်-တက္ကသိုလ်)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅) (၇)လွှာ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁- ၂၅၂၄၁၇၊ ၀၉- ၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijiun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် အောက်တိုဘာ ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijiun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော် ဧည့်ဂေဟာ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးတို့ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

## အမြင်ချင်းဖလှယ် ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား ကျင်းပပြုလုပ်သွားမည့် အခြေအနေများ၊ NCA လက်မှတ်ရေးထိုးရာတွင် တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာမှ အသိသက်သေများ ပါဝင်ခဲ့မှုအခြေအနေများ၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုအပေါ် အလေးထားလျက်ရှိမှု အခြေအနေများ၊ မြန်မာ-တရုတ်နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်သည်နှင့်အညီ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာဖြင့် အေးအတူပူအမျှ မဟာဗျူဟာမြောက် ဆက်ဆံရေးရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ရွေးကောက်ပွဲကျင်းပပြုလုပ်မည့်အပေါ် တရုတ်နိုင်ငံအနေဖြင့် အားပေးထောက်ခံလျက်ရှိမှု အခြေအနေများ၊ ရွေးကောက်ပွဲ ကျင်းပရာတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)များဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှု အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်အား ရွေးကောက်ပွဲကျင်းပပြုလုပ်စဉ် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များအား ပြသရာ ရွေးကောက်ပွဲ ကော်မရှင်မှ တာဝန်ရှိသူများက မဲပေးစက်၏ လုပ်ငန်းလုပ်ဆောင်မှု အဆင့်ဆင့်ကို ရှင်းလင်းပြသခဲ့ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

☆ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijiun အား မြန်မာအီလက်ထရောနစ်မဲပေးစက် ကို ပြသစဉ်။

# မြန်မာ-ရုရှား-ဘယ်လာရုစ် (၃) နိုင်ငံပူးပေါင်းဖျော်ဖြေတင်ဆက်မှုအခမ်းအနား ကျင်းပ
# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေး






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ – ရုရှား-ဘယ်လာရုစ် (၃) နိုင်ငံပူးပေါင်းဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၄**

မြန်မာ-ရုရှား-ဘယ်လာရုစ် (၃) နိုင်ငံ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိNaypyitaw State Polytechnic University ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

## ကြည့်ရှုအားပေး

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander AZIZOV၊ မြန်မာ-ရုရှားချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovskiy၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှတာဝန်ရှိသူများ၊ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ ဖျော်ဖြေရေးအဖွဲ့များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် “ယဉ်ကျေးမှုဖလှယ်မှုမှသည် ချစ်ကြည်ရင်းနှီးမှုများဆီသို့” Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌက မိတ်ဆက်စကားပြောကြားပြီး ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေမည့် အနုပညာရှင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် ဖျော်ဖြေရေးအစီအစဉ်ကို စတင်ကျင်းပရာ ဘယ်လာရုစ်နိုင်ငံမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်ဝန်ထမ်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင် ဝန်ထမ်းများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးနိုင်ငံသံရုံးမှဝန်ထမ်းများက “ရုရှားနှင့် ဘယ်လာရုစ်-သွေးရင်းအကိုညီရင်းနှမ (Two Rus's- Belarus and Russia, Two Sisters)” တေးသီချင်း၊ “ခေါင်းလောင်းသံ (Bells)” တေးသီချင်း၊ “နန်းသိင်္ဂီ” နန်းတွင်းယိမ်းအက၊ “The River Flows” တေးသီချင်း၊ “ဘော်ဒကာ တစ်ခွက်နဲ့ နှုတ်ဆက်မယ်” တေးသီချင်း၊ “ပန်းပုသူဇာ” တေးသီချင်း၊ “မျက်ဝန်း(My eyes)” တေးသီချင်း၊ “လယ်ဘယ်ဒူးရှ်ကာ (Lebedushka)” အက၊ “မနော ကြည်ချို့မြ ဖြောစည်တိုအက”၊ “ကျူးလစ်ပန်း (Tulips)” တေးသီချင်း၊ “ဒို့ရွာနီ (Red Sloboda)” တေးသီချင်း၊ “မြိုင်ဆိုင်မြူးကြွမင်းသားအက”၊ “ဩော်တံစဉ် ကျွန်တော်တံစဉ် (Oh, My Scythe)” တေးသီချင်း၊ “ကာလင်ကာ(Kalinka)” အက၊ “ Belarus and Myanmar” တေးသီချင်း၊ “မြန်မာ” တေးသီချင်း၊ “သင်္ကြန်”တေးသီချင်း၊ “Kupalin-ka” တေးသီချင်း၊ “St. Petersburg and Myanmar” တေးသီချင်း၊ “ပုဂံ” တေးသီချင်း၊ “အတူရှိမယ် မြန်မာ (We are With You Myanmar)” တေးသီချင်း၊ “မြန်မာပျော့” တေးသီချင်း၊ “ကာကျူးရှာ (Katush)” တေးသီချင်း၊ “အမိမြေ(Matushka Zemnya Mother Land)” တေးသီချင်း၊ “Love Me” တေးသီချင်း၊ “ပန်းရောင်စုံ (All the Flowers)” တေးသီချင်းနှင့် “တောင်းဆုခြွေ ( I want to wish)” တေးသီချင်းတို့ဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေ တင်ဆက်ကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့မှ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက သီဆိုဖျော်ဖြေခဲ့ကြသည့် ရုရှားဖက်ဒရေးရှင်း နိုင်ငံနှင့် ဘယ်လာရုစ် သမ္မတနိုင်ငံတို့မှ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

## ဂုဏ်ပြုလက်ဆောင်ပေးအပ်

ယင်းနောက် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် ဘယ်လာရုစ် တေးဂီတအဖွဲ့ခေါင်းဆောင်တို့က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌက မြန်မာနိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်



မြန်မာ – ရုရှား-ဘယ်လာရုစ် (၃) နိုင်ငံပူးပေါင်းဖျော်ဖြေတင်ဆက်မှုအခမ်းအနားတွင် တေးသီချင်းများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေတင်ဆက်ကြစဉ်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၇၄ ရက်

သာ လိုတော့သည်။

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

- ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂) နှင့် နည်းဥပဒေ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/နသ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကို ပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- ယင်းသို့ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) နှင့် ပုံစံ (၄-ခ) တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ (၃) ကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
- (၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
- (၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
- (၁) ၀၁-၃၃၃၁၆၃၅
- (၂) ၀၉-၄၂၂၅၄၄၆၆၉
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
- (၁) ၀၉-၈၈၁၄၄၆၆၈၆
- (၂) ၀၉-၈၈၆၈၃၄၂၃၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၁၁၇၅
- (၂) ၀၅၈-၂၃၄၃၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
- (၁) ၀၁-၃၃၃၆၆၁၁
- (၂) ၀၁-၃၃၃၆၆၂၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၅
- (၂) ၀၇၁-၂၀၃၂၀၉၆
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၁၂၁၁
- (၂) ၀၅၉-၂၀၂၃၅၂၅
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၁၂၆၈
- (၂) ၀၅၂- ၂၂၀၁၉၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၉
- (၂) ၀၆၃-၂၀၂၈၉၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၆၉၀၄၂
- (၂) ၀၂-၄၀၆၇၃၄၄
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၂၅၆
- (၂) ၀၅၇-၂၀၂၄၃၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၄၂၁၇၄၂၄၂၈
- (၂) ၀၉-၄၃၀၉၄၄၅၇
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၂၅၀၆၂၉၃
- (၂) ၀၁-၂၃၀၆၂၅၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၉၉၅
- (၂) ၀၈၁-၂၁၂၄၅၄၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၄၆၁၆
- (၂) ၀၄၂-၂၃၇၈၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တရုတ်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံ ခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၄

နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်ချက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှမန်ခရီးစဉ်၊ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အစိုးရ၊ ပုဂ္ဂလိကကဏ္ဍတို့အကြား ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံး အမှတ် (၁) အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။



အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဘာသာရပ်ဆိုင်ရာဌာနများမှ ညွှန်ကြား ရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဆောင်၍ ညီနောင်အသင်းများ ဖြစ်သော မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာ နိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာ့ သဘာဝရော်ဘာ ရေရှည်တည်တံ့မှုဖော်ဆောင်ရေး အသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများ နှင့် ရေလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် အကြီးအကဲ၏ တရုတ်ပြည်သူ့သမ္မတ၏နိုင်ငံခရီးစဉ် လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ ယွမ်ငွေဖြင့် ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများ လက်ခံဆောင်ရွက်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၌ နည်းပညာမြှင့်တင်၍ ရင်းနှီးမြှုပ်နှံ မှုများ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်၊ လျှပ်စစ် နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင် ရေး၊ သတ္တုဆင့်တက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ မိမိတို့နိုင်ငံ၏ ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်တင်ပို့ နိုင်ရေးနှင့် အဆိုပါကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်ရေး၊ AI အပါအဝင် နည်းပညာမြှင့်တင်နိုင်ရေး အတွက် တရုတ်စီးပွားရေး လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ရန်ကုန် မြို့နှင့် ချန်ဒူးမြို့ တိုက်ရိုက်လေကြောင်းလိုင်းနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဖူကျန့်ပြည်နယ် ရှမန်ခရီးစဉ် တွင် ရှမန်မြို့၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြပွဲတွင် မြန်မာ နိုင်ငံစီးပွားရေးလုပ်ငန်းများမှ ပြခန်းဝင်ရောက်ပြသ နိုင်ခဲ့မှုအခြေအနေနှင့် စီးပွားရေးအဆက်အသွယ်များ၊ ခရီးစဉ်အတွင်း ရှမန်နှလုံးသွေးကြောဆိုင်ရာ အထူးကု ဆေးရုံကြီးနှင့် ဆေးပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးအတွက် နားလည်မှု စာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ခဲ့မှုအပေါ် လုပ်ငန်းခွင်သင်တန်း၊ လက်တွေ့ကုသရေး သင်တန်း သားများ ရွေးချယ်စေလွှတ်ရေး အခြေအနေများနှင့် ရန်ကုန်မြို့နှင့် ရှမန်မြို့ တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲနိုင်ရေးနှင့် မြန်မာနိုင်ငံမှ ရေထွက်ကုန်များနှင့် ဆန်ကိုတိုးမြှင့် တင်ပို့နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ခရီးစဉ် တွင်လည်း မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေး တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ အသေးစိတ်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ဘယ်လာရုစ်နိုင်ငံသို့ ဆန်၊ ရော်ဘာ၊ ချုပ်ပြီး အဝတ်အထည်နှင့် ရေထွက်ပစ္စည်းများ တင်ပို့ နိုင်ရေးကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက် ရေး၊ ကျန်းမာရေးနှင့် ဆေးဝါးကဏ္ဍ၌ ဆေးဝါးနှင့် ဆေးကိရိယာပစ္စည်းများ အထူးသဖြင့် ကင်ဆာရောဂါ ကုသရေးဆေးဝါးများ တင်သွင်းဆောင်ရွက်ရေး၊ ဘယ်လာရုစ်နိုင်ငံထုတ် လယ်ယာသုံးစက်ကိရိယာ ပစ္စည်းများ အရောင်းပြခန်း ဖွင့်လှစ်မိတ်ဆက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံခရီးသွားကဏ္ဍတို့အကြား Package Tour များ စီစဉ်ဆောင်ရွက်ရေး၊ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင် များအချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ မြန်မာ နိုင်ငံနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်မှုနယ်ပယ်များ ဖော်ထုတ်ရေး ဆွေးနွေးခဲ့ ပါကြောင်း၊ အဆိုပါကဏ္ဍများနှင့်စပ်လျဉ်း၍ ဆက်လက် ဆောင်ရွက်ရန်အတွက် ဖိတ်ကြားထားသည့် သက်ဆိုင်ရာ ဌာနများနှင့် အဖွဲ့အစည်းများက ကဏ္ဍ အလိုက်ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ တို့နှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်လာရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ ထို့အတူ အာဆီယံနိုင်ငံ များ၊ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုတိုးတက် မြင့်မားလာစေရေး ဆောင်ရွက်နေမှုအခြေအနေများ၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံဖြစ်သဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တရုတ် ယွမ်ငွေဖြင့် လက်ခံဆောင်ရွက်နိုင်ရေးအခြေအနေ များ၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများနှင့် ခရီးသွား လုပ်ငန်းများ တိုးမြှင့်စေရေးအတွက် ဆက်လက် ဆောင်ရွက်သင့်သည့်အခြေအနေများ၊ သွင်းကုန် အစားထိုး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ဖိတ်ခေါ် ဆောင်ရွက်မှုအခြေအနေများ၊ EV မော်တော်ယာဉ် တင်သွင်းထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ SKD၊ CKD စနစ် မှတစ်ဆင့် MSME လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင် ရေးကိစ္စရပ်များ၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးနှင့် စပ်လျဉ်း၍ ဈေးကွက်လိုအပ်ချက်နှင့်အညီ ထုတ်လုပ် တင်ပို့နိုင်ရေး၊ ဈေးကွက်သတင်းရရှိရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရေး ကိစ္စရပ်များ၊ ဘယ်လာရုစ်နိုင်ငံသို့ ဆန်၊ ရော်ဘာနှင့် ရေထွက်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအသင်းအဖွဲ့များက ကြိုတင် ပြင်ဆင်ထားရှိရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်းနှင့် တက်ရောက်လျက်ရှိသော စီးပွားရေးအဖွဲ့အစည်းများ ကလည်း လိုအပ်သည်များ အကြံပြုဆွေးနွေးပေးကြ စေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက မြန်မာ နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်မှုအခြေအနေ၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စာချုပ်ချုပ်ဆို ဆောင်ရွက်ထားရှိမှုအခြေအနေ၊ နှစ်နိုင်ငံ ကုန်သွယ်မှု တိုးမြှင့်နိုင်ရေး၊ ကုန်စည်ပြပွဲနှင့် စီးပွားရေးဖိုရမ်များ ကျင်းပပြုလုပ်နိုင်ရေး၊ စက်မှုနှင့် နည်းပညာပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် တက်ရောက်လာသည့် တာဝန်ရှိသူ များက နယ်ပယ်ကဏ္ဍအလိုက် ဆောင်ရွက်မည့် အစီ အစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စု ဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။

သတင်းစဉ်

# အခြေခံပညာကဏ္ဍ သင်ကြား၊ စီမံရေးရာဝန်ထမ်းများ၏ ရာထူးတိုး၊ အပြောင်းအရွှေ့ဆိုင်ရာမူဝါဒများသုံးသပ်ခြင်းနှင့် တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားရေး နည်းလမ်းများဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၄

အခြေခံပညာကဏ္ဍ သင်ကြား၊ စီမံရေးရာ ဝန်ထမ်းများ၏ရာထူးတိုး၊ အပြောင်းအရွှေ့ဆိုင်ရာ မူဝါဒများ သုံးသပ်ခြင်းနှင့် အရည်အသွေးပြည့်မီစွာ တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားရေးအတွက် ဆောင် ရွက်နိုင်မည့် နည်းလမ်းများ ဆွေးနွေးပွဲအခမ်းအနား ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေး ဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်း ဝန်များ၊ တိုင်းဒေသကြီးပညာရေးမှူးများ၊ မြို့နယ် ပညာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အခြေခံပညာ အောက်တွင်ရှိသည့် အရာထမ်း၊ အမှုထမ်း ဝန်ထမ်း များ၏ ရာထူးတိုး၊ အပြောင်းအရွှေ့မူဝါဒများသည် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပါကြောင်း၊ ယခု ဆွေးနွေးပွဲမှ ပိုမိုကောင်းမွန်သည့် မူဝါဒများချမှတ် နိုင်ရေး ကျင်းပခြင်းဖြစ်ပြီး ရည်ရွယ်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြဋ္ဌာန်း ထားသည့် ဥပဒေများ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်း ဥပဒေများနှင့်အညီ အကောင်းဆုံးသော အတိုး အပြောင်းမူဝါဒများကို ဆွေးနွေးနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများဖြစ်သည့် KG+9 ပြီးမြောက်အောင်မြင်ရန်နှင့် တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားရေးတို့ကို အောင်မြင် အောင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

တန်းစဉ်ကူးပြောင်းမှုနှုန်း မြင့်မားရေးအတွက် အထောက်အကူပြုစေရန် ယခုဆွေးနွေးပွဲတွင် အလေးအနက်ထား ဆွေးနွေးပေးကြစေလိုပါ ကြောင်း၊ ရာထူးတိုးပြောင်းကိစ္စရပ်များနှင့် ပတ်သက် ၍ ဗဟိုအဆင့်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် အလိုက် ဆောင်ရွက်ရာတွင် ယခုဆွေးနွေးပွဲမှ ချမှတ် လိုက်သည့် မူဝါဒများနှင့်အညီ ရာထူးတိုးအပြောင်း အရွှေ့များကို ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခု ဆွေးနွေးပွဲ၏ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင် စေရန်နှင့် အကောင်းဆုံးမူဝါဒများ ချမှတ်နိုင်ရေးနှင့် ပညာရေးကဏ္ဍအတွက် ကောင်းမွန်သည့် ရလဒ် ကောင်းများရရှိနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပိုမိုကောင်းမွန်သော မူဝါဒများချမှတ်နိုင်ရေးနှင့် တန်းစဉ်ကူးပြောင်းနှုန်း မြင့်မားရေးတို့အတွက် ဖြည့်စွက်ပြောကြားပြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က အခြေခံ ပညာကဏ္ဍ သင်ကြား၊ စီမံရေးရာဝန်ထမ်းများ၏ ရာထူးတိုးအပြောင်းအရွှေ့ဆိုင်ရာမူဝါဒများ သုံးသပ် ခြင်းနှင့် အရည်အသွေးပြည့်မီစွာ တန်းစဉ်ကူးပြောင်း နှုန်းမြင့်မားရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အပြောင်းအရွှေ့၊ ရာထူးတိုးလုပ်ငန်းများအတွက် အုပ်စုများခွဲ၍ ဝိုင်းဝန်းဆွေးနွေးကြကာ ဆွေးနွေး ချက်များကို အုပ်စုအလိုက် အနှစ်ချုပ်တင်ပြကြသည်။

အဆိုပါ ဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက် မှ ၁၅ ရက်အထိ နှစ်ရက်ကြာပြုလုပ်သွားမည်ဖြစ် ကြောင်း သိရသည်။

သတင်းစဉ်

# ငြိမ်းချမ်းရေးရရှိမှသာ တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းလာပြီး လူ့အခွင့်အရေးများ ရရှိခံစားနိုင်မည်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၁၃/ ၂၀၂၅)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA) ကို ပြည်တွင်းနှင့် နိုင်ငံတကာ အသိသက်သေများရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့သည်မှာ ယနေ့တွင် (၁၀) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ အဆိုပါ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)သည် လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုစသည်တို့ကို အခြေခံကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးအတွက် ပါဝင်သင့်သူအားလုံး ပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် ဦးတည်ဆောင်ရွက်သည်ကို တွေ့ရှိရပါသည်။

၂။ ယင်းဦးတည်ချက်နှင့်အညီ ၂၀၂၅ ခုနှစ်အတွင်း နယ်ပယ်အသီးသီးမှ အဖွဲ့အစည်းများ၊ အလွှာအသီးသီးမှ ပုဂ္ဂိုလ်များပါဝင်သည့် ငြိမ်းချမ်းရေးစကားဝိုင်းနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ယင်းဆောင်ရွက်ချက်များသည် စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။ ငြိမ်းချမ်းရေးရရှိမှသာ တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းလာပြီး လူ့အခွင့်အရေးများ ရရှိခံစားနိုင်မည် ဖြစ်ပါသည်။

၃။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်၏ ရည်ရွယ်ချက်များနှင့် အခြေခံမူများတွင် ငြိမ်းချမ်းရေး ပျက်ပြားစေတတ်သည့် အရေးကိစ္စရပ်များကို ပြေလည်ကျေအေးအောင် ဆောင်ရွက်ရာ၌ တရားမျှတမှုအခြေခံမူများ၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေများနှင့်အညီ ငြိမ်းချမ်းသောနည်းလမ်းများ ကျင့်သုံးရန် ချမှတ်ထားပါသည်။ ထို့အတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂ ၌ လူတိုင်းကို မည်သည့်အကြောင်းကြောင့်မျှ ခွဲခြားမှုမပြုဘဲ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များရရှိစေရန် ဖော်ပြထားသကဲ့သို့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)၏ အခြေခံမူများတွင်လည်း ဤပြည်ထောင်စုအတွင်း နေထိုင်ကြသော နိုင်ငံသားအားလုံးကို လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လိင်ကွဲပြားမှုတို့ကြောင့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ တန်းတူရည်တူ အခွင့်အရေးရရှိစေရန်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၄။ ယင်းအခွင့်အရေးများကို အပြည့်အဝရရှိခံစားနိုင်ရန်နှင့် တရားမျှတမှုနှင့် လူ့အခွင့်အရေးအပေါ် အခြေခံသော ဒီမိုကရေစီဖက်ဒရယ်စနစ် ဖော်ဆောင်ရာတွင် နိုင်ငံတွင်းပစ်ခတ်တိုက်ခိုက်မှုများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းမှုရရှိရန် အားလုံးက ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံတွင်း ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲစေရေးအတွက်သာမက ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေး (Right to Development)အတွက် ကြီးမားစွာအထောက်အပံ့ဖြစ်စေပါသည်။

၅။ နိုင်ငံတွင်း မှီတင်းနေထိုင်ကြသူများအားလုံး၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းသောနိုင်ငံတော် ဖြစ်ပေါ်လာစေရေးကြိုးပမ်းသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုပါကြောင်းနှင့် ဆက်စပ်ကျင်းပမည့် ဆွေးနွေးပွဲများကို ကြိုဆိုပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်

# ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်နှုန်းကွာဟချက်များကို ဆန်းစစ်လေ့လာခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်

နေပြည်တော် အောက်တိုဘာ ၁၄

ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်နှုန်းကွာဟချက်များကို ဆန်းစစ်လေ့လာခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်းကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က သီးနှံအထွက်တိုးရန် နည်းပညာတစ်ခုတည်းကို အာရုံစိုက်ခြင်းထက် တောင်သူများ၏ အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး တည်ငြိမ်မှုများကို ဦးစားပေးသည့် ချဉ်းကပ်မှုနည်းလမ်းဖြင့် အထွက်နှုန်းတည်ငြိမ်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တစ်ဧကအထွက်နှုန်း တိုးတက်ရေး ဆောင်ရွက်ရာတွင် အဓိကသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး စပါးသီးနှံ ပန်းတိုင်အထွက်နှုန်းကို မိုးစပါးရာသီအတွက် တစ်ဧက တင်း ၁၀၀၊ နွေစပါးရာသီအတွက် တစ်ဧက တင်း ၁၁၀ ထွက်ရှိရေး သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ရေမြေသဘာဝအလိုက် အထွက်နှုန်းကွဲပြားမှု၊ သုတေသနအထွက်နှုန်းနှင့် တောင်သူအမှန် အထွက်နှုန်းတို့အကြား ကွာဟမှုများ ဖြစ်နေခြင်းတို့၏ အကြောင်းရင်းများကို ဖော်ထုတ်၍ စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုဖွင့်လှစ်ပို့ချပေးလိုက်သည့် ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်နှုန်းကွာဟချက်များကို ဆန်းစစ်လေ့လာခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်း၏ ပို့ချချက်များကို စနစ်တကျလေ့လာမှတ်သားရန်နှင့် သက်ဆိုင်ရာဒေသများ၌ ပြန်လည်ဆင့်ပွားပို့ချရာတွင်လည်း ဝန်ထမ်းငယ်များကို ပြည့်ပြည့်စုံစုံ ရှင်းလင်းဆွေးနွေးပေးကြရန် မှာကြားလိုကြောင်း ပြောကြားသည်။



ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် တိုင်းဒေသကြီး/ပြည်နယ် ခုနစ်ခုရှိ စိုက်ပျိုးရေးဦးစီးဌာနများမှ အရာထမ်း/အမှုထမ်း ၃၃ ဦး တက်ရောက်လျက်ရှိပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခ (ဌာနမှူး)များက အောက်တိုဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ပို့ချဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ စပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန်အတွက် စပါးသီးနှံ၏ သုတေသနအထွက်နှင့် တောင်သူ အမှန်အထွက်တို့အကြား ကွာဟမှုဖြစ်ပေါ်နေရသည့် အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ဆန်းစစ်လေ့လာခြင်းဆောင်ရွက်ရန် ဒေသအသီးသီးတွင် စစ်တမ်းကောက် ဆန်းစစ်လေ့လာကြမည့် ဝန်ထမ်းများကို ထပ်ဆင့်ပွားသင်ကြားပို့ချပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံသို့ သွားရောက်ပြီး ဘယ်လာရုစ်နိုင်ငံထုတ် Belarys-451(49.8 HP) ထွန်စက်ကြီး၊ Belarys-522(62 HP) ထွန်စက်ကြီးနှင့် Belarys-820(81 HP) ထွန်စက်ကြီးများ၏ စက်စွမ်းအားပြ ထွန်ယက်ခြင်းကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများက ထွန်စက်ကြီးများ၏အရည်အသွေးနှင့် မြန်မာ့ရေမြေတွင် လက်တွေ့အသုံးပြုနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရေမြေ ဒေသအမျိုးမျိုးတွင် လက်တွေ့အသုံးပြုပြီး နည်းပညာပိုင်းတွေ့ရှိချက်များ ဆက်လက်လေ့လာဆောင်ရွက်ရန်နှင့် စက်၏တန်ဖိုး၊ စွမ်းဆောင်ရည်နှင့် အသုံးဝင်မှုအပေါ် တောင်သူများ၏ သဘောထားမှတ်ချက်ရယူရေး စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ စာမျက်နှာ ၂၄ မှ

ထိုသို့ ပြည်သူများအတွက် လိုအပ်သည့်စက်သုံးဆီသုံးစွဲမှုကို သင့်တင့်သောဈေးနှုန်းဖြင့် လွယ်ကူအဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ဖြစ်သင့်ဖြစ်ထိုက်သင့်သည့်ဈေးနှုန်း၊ စက်သုံးဆီအမျိုးအစားအလိုက် သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးနှင့် အခြင်အတွယ် ပြည့်မီမှန်ကန်စေရေးတို့ကို စဉ်ဆက်မပြတ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စီမံဆောင်ရွက်လျက်ရှိသည့်အတွက် အာရှပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်လျက်ရှိသော်လည်း မြန်မာကျပ်ငွေခိုင်မာပြီး နိုင်ငံခြားငွေလဲလှယ်မှုနှုန်းကျဆင်းသဖြင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများလည်းကျဆင်းကာ အများပြည်သူနှင့် လုပ်ငန်းရှင်များအနေဖြင့် သင့်တင့်သောဈေးနှုန်းဖြင့် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် အဆင်ပြေချောမွေ့လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်လျက်ရှိသည်။

နိုင်ငံအတွင်းရှိ စက်သုံးဆီလိုအပ်ချက်၏ ၉၇ ရာခိုင်နှုန်းကို ပြည်ပမှတင်သွင်းနေရသော်လည်း တင်သွင်းမှုကိုအစားထိုးလျှော့ချနိုင်ရန်အတွက် ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုမိုတိုးတက်ရှာဖွေထုတ်လုပ်ခြင်း၊ လက်ရှိရေနံချက်စက်ရုံများအား အဆင့်မြှင့်မွမ်းမံပြင်ဆင်ခြင်း၊ ရေနံချက်စက်ရုံအသစ်များ ထပ်မံတည်ဆောက်ခြင်းတို့ကို စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့အတူ လယ်ယာထွက်သီးနှံများဖြစ်သည့် ပြောင်း၊ ကြံ၊ ဆန်ကွဲစသည့်ကုန်ကြမ်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်သော ရေမဲ့အီသနောနှင့် ပြည်တွင်းထုတ်ဓာတ်ဆီတို့အား သတ်မှတ်အချိုးအစားအတိုင်း ရောစပ်ကာ ဇီဝလောင်စာဆီအဖြစ် ပြည်တွင်း၌ကျယ်ပြန့်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့ပြည်သူများ စက်သုံးဆီဝယ်ယူရာတွင် ပိုမိုလွယ်ကူအဆင်ပြေစေရန်အတွက် Google Play Store ၌ MPTA FM Application ကို လက်ကိုင်ဖုန်းများတွင် Download ပြုလုပ်ပြီး မိမိရောက်ရှိနေသည့်နေရာ၏ အနီးပတ်ဝန်းကျင်တွင်ဖွင့်လှစ်ထားသည့် စက်သုံးဆီအရောင်းဆိုင်များ၏ ဖွင့်လှစ်မှု အခြေအနေ၊ ယင်းဆိုင်များရှိ စက်သုံးဆီအမျိုးအစားနှင့် ရောင်းဈေးနှုန်းတို့ကိုကြည့်ရှု၍ နှစ်သက်ရာအရောင်းဆိုင်တွင် ရွေးချယ်ဝယ်ယူသုံးစွဲနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

# မိတ္ထီလာမြို့၌ ဘာသာရပ်ဆိုင်ရာမိတ်ဆက်ပွဲ ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၁၄**

မိတ္ထီလာမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲများကို အောက်တိုဘာ ၁၀ ရက်က အထက(၁)နှင့် အထက(၄)တို့တွင် ကျင်းပခဲ့သည်။

အဆိုပါ ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲတွင် အထက(၁)၌ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းနှင့် သာစည်မြို့နယ်များမှ Grade-12 ကျောင်းသား၊ ကျောင်းသူ ၅၀၀ ဦး၊ အထက(၄)၌ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်တို့မှ Grade-12 ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦးတို့အား မိတ္ထီလာတက္ကသိုလ်မှ ဆရာ၊ ဆရာမများက ဘာသာရပ်ဆိုင်ရာများကို မိတ်ဆက်ဆွေးနွေးပို့ချရာ မိတ္ထီလာခရိုင်ပညာရေးမှူး ဒေါ်မော်မော်၊ ရမည်းသင်းခရိုင် ပညာရေးမှူး ဦးအောင်တင့်၊ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများက မိတ်ဆက်ဆွေးနွေးပို့ချမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(၄၅၃)

သင့်သွေးဖြင့် အသက်ကယ်ပါ။

## လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ စီးနင်းမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ စီးနင်းသွားလာမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီက ကျောက်ဆည်မြို့နယ် ရန်ကုန်-မန္တလေး-တောင်ကြီး ကားလမ်းဆုံ၊ ဟံမြင့်မိုရ်ကျေးရွာ လမ်းဆုံမီးပွိုင့်၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ကျောက်ဆည်မြို့နယ် လုံခြုံရေးအရာရှိ ဗိုလ်မှူး ဟိန်းကိုလတ်နှင့် တပ်ဖွဲ့ဝင်များ၊ ကျောက်ဆည်မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် သံဂီစိုးနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၈၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ် မိုးကျော်စိုးနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများပူးပေါင်း၍ ကျောက်ဆည်မြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအပြင် မောင်တော်ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်နှင့် သတ်မှတ်ထားသည့် ယာဉ်စည်းကမ်းများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄၈၅)**



## ဆင်ပေါင်ဝဲမြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက် (Fire Safety Certificate)(FSC) ကနဦးဆောင်ရွက်ပေး

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၊ အမှတ်(၃) ရပ်ကွက်ရှိ "အောင်" စက်သုံးဆီ အရောင်းဆိုင်အား မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက်(Fire Safety Certificate)(FSC) ကနဦးဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၉ နာရီက ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက် (Fire Safety Certificate) (FSC) ကနဦးဆောင်ရွက်ခြင်းကို မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနချုပ်၏ သတ်မှတ်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီမှု ရှိ၊ မရှိကို မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေး ဦးဆောင်သော မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

၀-၀-၀-၀-၀-၀



## မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

**မကွေး အောက်တိုဘာ ၁၄**

အောက်တိုဘာ ၁၂ ရက် နံနက် ၁၁ နာရီ ၄၀ မိနစ်ခန့်က မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အောင်မေတ္တာရပ်ကွက်၌ ဦးဝင်းလွင်ဦး၏ SUZUKI SWIFT အဖြူရောင်မော်တော်ယာဉ်သည် စက်နှိုးထားစဉ် ဆီတိုင်ကီဆီပန့်သို့ သွယ်တန်းထားသော ဝိုင်ယာကြိုး ပေါက်ပြဲရာမှ မီးပွားထွက်၍ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မကွေးမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ ၄၇ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် SUZUKI SWIFT အဖြူရောင်မော်တော်ယာဉ်၏ အနောက်ဘက်နေကာမှန်တစ်ချပ်၊ တာယာနှစ်လုံး၊ မီးခွက်နှစ်လုံးနှင့် ဆိုဖာထိုင်ခုံလေးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဦးဝင်းလွင်ဦးအား မကွေးမြို့နယ်၊ အမှတ်(၂) နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀

## အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူ

**ရွှေဘို အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ကန်တော်သွားလမ်းမပေါ်၌ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများ ဖြစ်သည့် ရွှေဘိုမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်နေ ဒေါ်မြမြစန်း(၃၈)နှစ်၊ သီးကုန်းကျေးရွာနေ ဂျယ်လေး(ခ)မဲလုံး(၁၉)နှစ်၊ ဝင်းကြီးကျေးရွာနေ မလှချောရီ(၂၃)နှစ်၊ မင်းကျောင်းကျေးရွာ နေ သီဟထွန်း(ခ)ပုတု(၃၅)နှစ်တို့အား လိုင်စင်မဲ့မော်တော်ဆိုင်ကယ် များနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မြမြစန်းပါ လေးဦးအား ရွှေဘိုမြို့မရဲစခန်း၌ ပို့ကုန်သွင်းကုန်ဥပဒေအရ အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိမှုကြောင့် လမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦး သေဆုံး

**ကလော အောက်တိုဘာ ၁၄**



ရှမ်းပြည်နယ်၊ကလောမြို့နယ်၌ မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိမှုကြောင့် လမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၁ ရက် ည ၇ နာရီတွင် ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဟဲဟိုး-တောင်ကြီးကားလမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဟဲဟိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဟဲဟိုးမြို့၊ အမှတ်(၃)ရပ်ကွက်နေ အောင်ကိုဝင်း(ခ)ဇာနည်(၃၅)နှစ် မောင်းနှင်လာသည့် NISSAN NOTE မော်တော်ယာဉ်သည် ဟဲဟိုးမှ တောင်ကြီးဘက်သို့ အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲလမ်းဖြတ်ကူးသည့် တစ်ရပ်ကွက်တည်းနေ ဦးမောင်ရွှေ(၅၈)နှစ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးမောင်ရွှေတွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် အောင်ကိုဝင်း(ခ)ဇာနည်အား ဟဲဟိုးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀

## ကြက်တိုက်လောင်းကစား ပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**ကျိုက်ထို အောက်တိုဘာ ၁၄**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၌ ကြက်တိုက်လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။



ဖြစ်စဉ်မှာ အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကံ့ကော်ရပ်ကွက်၊ ဘောလုံးကွင်းအနီးရှိ ကုက္ကိုပင်အောက်၌ ကြက်တိုက်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ကျိုက်ထိုခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရပ်ကွက်နေ ထွန်းဇော်မင်း(၄၀)နှစ်၊ မြောက်ပိုင်းရပ်ကွက်နေ သိန်းရီ(၆၃)နှစ်၊ ဖက္ကလိပ်ကျေးရွာနေသူများဖြစ်သည့် အောင်မျိုး(၅၂)နှစ်၊ သန်းနိုင်(၆၆)နှစ်၊ ကျိုက်ပိကျေးရွာနေ လွင်နိုင်ဦး(၅၂)နှစ်တို့အား ကြက်တိုက်လောင်းကစား ပြုလုပ်နေသည်ကို တွေ့ရှိရပြီး ၎င်းတို့ထံမှ တိုက်ကြက်ဖနှစ်ကောင်၊ လောင်းကြေးငွေများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ထွန်းဇော်မင်းပါ ငါးဦးအား ကျိုက်ထိုမြို့မရဲစခန်းတွင် လောင်းကစားဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ဂါဇာဒေသ လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ ကျင်းပ

**ရှန်အယ်လ်ရှိတ် အောက်တိုဘာ ၁၄**

ဂါဇာဒေသ လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို အီဂျစ်နိုင်ငံ ရှန်အယ်လ်ရှိတ်တွင် အောက်တိုဘာ ၁၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

၎င်းထိပ်သီးဆွေးနွေးပွဲတွင် အစ္စရေးနှင့် ဟားမတ်စ်ကြား အပစ်အခတ်ရပ်စဲရေးသဘော တူညီချက်ကို တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့သည်။

ယင်းထိပ်သီးဆွေးနွေးပွဲသို့ နိုင်ငံ ၂၀ ကျော်မှ ခေါင်းဆောင်များအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး အီဂျစ်သမ္မတ အဗ္ဗဒဲလ်ဖတ်တာ အယ်လ်ဆီဆီနှင့် အမေရိကန်သမ္မတ ထရမ့်တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့သည်။

၎င်းထိပ်သီးဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ဂါဇာဒေသ လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ရေးကို အခြေခံကာ ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်မှုရရှိစေရေးအတွက်ဖြစ်ကြောင်း အီဂျစ်သမ္မတရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ ရှန်အယ်လ်ရှိတ်တွင် သုံးရက်ကြာဆွေးနွေးမှုများဆောင်ရွက်ပြီးနောက် အောက်တိုဘာ ၁၀ ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စတင်အသက်ဝင်လာခဲ့သည်။

အီဂျစ်သမ္မတ အယ်လ်ဆီဆီ၊ အမေရိကန်သမ္မတ ထရမ့်၊ တူရကီယဲသမ္မတ အာဒိုဂန်နှင့် ကာတာ စော်ဘွားရှိတ်တာမင် ဗင်ဟာမက် အယ်လ်သာနီ တို့သည် အောက်တိုဘာ ၁၃ ရက်က အီဂျစ်နိုင်ငံ၌ ပြုလုပ်သည့် ဂါဇာဒေသ လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတွင် ဂါဇာကမ်းမြောင် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်ကို ပံ့ပိုးသည့် ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အနာဂတ်ကာလတွင်ဖြစ်ပွားမည့် ပဋိပက္ခများကို အင်အားသုံးဖြေရှင်းခြင်းထက် သံတမန်နည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်မည်ဟု ၎င်းတို့က ကတိပြုခဲ့ကြသည်။ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးဖြင့်သာ အစ္စရေးနှင့် ပါလက်စတိုင်းဒေသခံများ၏ လူ့အခွင့်အရေး၊ လူမှုဘဝလုံခြုံရေးနှင့် ဂုဏ်သိက္ခာတို့ကို ကာကွယ်စောင့်ရှောက်နိုင်မည်ဟု ၎င်းတို့က ပြောကြားသည်။




ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# ဉာဏ်ရည်တုက အလုပ်အကိုင်များကို ဖျက်ဆီးပစ်နိုင်ခြေရှိသောကြောင့် စည်းမျဉ်းသတ်မှတ်သင့်သည်ဟု စီးပွားရေးဆိုင်ရာ နိုဘယ်ဆုရှင် သတိပေး

**ဝါရှင်တန်**

**အောက်တိုဘာ ၁၄**

ယခုနှစ် စီးပွားရေးဆိုင်ရာ နိုဘယ်ဆုရှင်တစ်ဦးဖြစ်သူ ပီတာ ဟောင်းဝစ်က ဉာဏ်ရည်တုသည် အံ့သြဖွယ်ဖြစ်နိုင်ခြေများကို ပေးစွမ်းသော်လည်း အလုပ်အကိုင်များကို ဖျက်ဆီးပစ်နိုင်ခြေရှိသောကြောင့် စည်းမျဉ်းသတ်မှတ်သင့်သည်ဟု ပြီးခဲ့သည့် အောက်တိုဘာ ၁၃ ရက်တွင် သတိပေးလိုက်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

အမေရိကန်နိုင်ငံရှိ ဘရောင်းတက္ကသိုလ်၏ ပါမောက္ခချုပ်ဟောင်းဖြစ်သူ ကနေဒါနိုင်ငံသား ပီတာဟောင်းဝစ်၏ ပြောကြားချက်များသည် ဉာဏ်ရည်တုသည် လူ့အဖွဲ့အစည်းနှင့် လုပ်သားဈေးကွက်အပေါ် မည်သို့သက်ရောက်မှုရှိမည်ကို စိုးရိမ်မှုများ တိုးလာနေချိန်တွင် ပေါ်ထွက်လာခဲ့သည်။

ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆမ်သည် ဉာဏ်ရည်တုစကားပြောစက်များနှင့် အပြန်အလှန်တုံ့ပြန်မှုများကို စည်းမျဉ်းသတ်မှတ်သည့် ပထမဆုံးသော ဥပဒေတစ်ရပ်ကို တနင်္လာနေ့တွင် လက်မှတ်ရေးထိုးခဲ့ရာ နည်းပညာကို ထိန်းချုပ်မှုမရှိဘဲ ထားရှိရန် ရည်ရွယ်သည့် အိမ်ဖြူတော်၏ တွန်းအားကို ဆန့်ကျင်ခဲ့သည်။

ဟောင်းဝစ်သည် နည်းပညာက တိုးတက်မှုကို မည်သို့ဦးဆောင်ပြီး သက်ရောက်မှုရှိပုံကို သုတေသနပြုလုပ်ခဲ့သည့်အတွက် တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက တနင်္လာနေ့တွင် ဂုဏ်ပြုချီးမြှင့်ခဲ့သည့် စီးပွားရေးပညာရှင် သုံးဦးအနက် တစ်ဦးဖြစ်သည်။

၎င်း၏ သုတေသနသည် ပြင်သစ်နိုင်ငံမှ ဆုရှင် ဖိလစ်ပ် အာဂီယွန်နှင့်အတူ ပိုမိုကောင်းမွန်သည့် ထုတ်ကုန်အသစ်တစ်ခု ဈေးကွက်ထဲသို့ ရောက်ရှိလာသောအခါ ထိုထုတ်ကုန်အဟောင်းများကို ရောင်းချသည့် ကုမ္ပဏီများ ရှုံးနိမ့်သွားသည်ဟူသော "တီထွင်ဖန်တီးမှုဆိုင်ရာ ဖျက်ဆီးခြင်း"သီအိုရီကို အဓိကထားကြောင်း သိရသည်။

Mon



# ကုန်သွယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာန၏ ခန့်မှန်းချက်များအရ စင်ကာပူစီးပွားရေး သုံးလအတွင်း ၂ ဒသမ ၉ ရာခိုင်နှုန်းသာ တိုးတက်ခဲ့

**စင်ကာပူ အောက်တိုဘာ ၁၄**

ကုန်သွယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာနက အောက်တိုဘာ ၁၄ ရက်တွင် ထုတ်ပြန်သော ကြိုတင်ခန့်မှန်းချက်များအရ စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၅ ခုနှစ် တတိယသုံးလပတ်တွင် ၂ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ရာ ယင်းသည် ဒုတိယသုံးလပတ်၏ ၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မှုထက် နှေးကွေးခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

၂၀၂၅ ခုနှစ်၏ ပထမနှစ်ဝက်တွင် နိုင်ငံ၏စီးပွားရေး စွမ်းဆောင်ရည်မှာ မျှော်မှန်းထားသည့်အတိုင်း ကောင်းမွန်ခဲ့ပြီးနောက် ဩဂုတ်လတွင် စင်ကာပူ၏ တစ်နှစ်တာ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တိုးတက်နှုန်း ခန့်မှန်းချက်ကို ၁ ဒသမ ၅ ရာခိုင်နှုန်းမှ ၂ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ခဲ့သည်။ ယခင်က ထိုဝန်ကြီးဌာန၏ တစ်နှစ်တာ ခန့်မှန်းချက်မှာ သုည ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းအထိသာ ရှိခဲ့သည်။

ဂျီဒီပီကြိုတင်ခန့်မှန်းချက်များကို သုံးလပတ်၏ ပထမနှစ်လအတွင်း ရရှိသည့် အချက်အလက်များမှ အဓိကထား တွက်ချက်ထားခြင်းဖြစ်သည်။ ယင်းတို့သည် သုံးလပတ်အတွင်း တိုးတက်လာမှု၏ အစောပိုင်းအခြေအနေကိုဖော်ပြရန် ရည်ရွယ်ပြီး ပိုမိုပြည့်စုံသော အချက်အလက်များ ရရှိသည့်အခါ ပြန်လည်ပြင်ဆင်ရန် အလားအလာရှိသည်။

ရာသီအလိုက် ချိန်ညှိထားသော သုံးလပတ်အလိုက် တွက်ချက်မှုအရ စီးပွားရေးသည် ၁ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ရာ ယင်းသည် ဒုတိယသုံးလပတ်၏ ၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မှုထက် အနည်းငယ် နှေးကွေးခဲ့ကြောင်း သိရသည်။

Mon

INTERNATIONAL NEWS

နိုင်ငံတကာသတင်းများ

# ခရစ်ပတိုငွေကြေးခေါ် ဂုဏ်ရည်တူ ငွေကြေးများကို ထိန်းချုပ်ရန် ကင်ညာနိုင်ငံတွင် ဥပဒေကြမ်းတစ်ရပ် အတည်ပြုလိုက်ပြီ

**နိုင်ရိုဘီ အောက်တိုဘာ ၁၄**

ကင်ညာနိုင်ငံတွင် ဒီဂျစ်တယ်ပစ္စည်းများဖြစ်သော ခရစ်ပတိုငွေကြေးခေါ် ဂုဏ်ရည်တူ ငွေကြေးများကို ထိန်းချုပ်ရန် ဥပဒေကြမ်းတစ်ရပ်ကို ပါလီမန်အမတ်များ ယမန်နေ့က အတည်ပြုခဲ့ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရန် ရည်ရွယ်ကာ ရှင်းလင်းပြတ်သားသော စည်းမျဉ်းစည်းကမ်းများ ချမှတ်သွားမည်ဟု အကြီးတန်းလွှတ်တော်အမတ်တစ်ဦးက ထုတ်ဖော်ပြောကြားသည်။

အဆိုပါလုပ်ငန်းကို အုပ်ချုပ်ရန် ရှင်းလင်းသော စည်းမျဉ်းများ ကင်းမဲ့ခြင်းအပေါ် စိုးရိမ်ပူပန်မှုများကို ဖြေရှင်းရန် ရည်ရွယ်ပြီး ဥပဒေပြုအမတ်များ ယခင်အပတ်က ပိုင်ဆိုင်မှု ဝန်ဆောင်မှုပေးသူများ ဥပဒေကြမ်းကို ပြင်ဆင်ခဲ့သည်ဟု အမျိုးသားလွှတ်တော် ဘဏ္ဍာရေးကော်မတီဥက္ကဋ္ဌ ကူရီယာကာမာနီက ရှင်းလင်းပြောကြားသည်။

၎င်း၏ ပြောကြားချက်အရ ထိုလုပ်ဆောင်ချက်သည် အရှေ့အာဖရိကနိုင်ငံဖြစ်သော ကင်ညာကို ဒီဂျစ်တယ်ပိုင်ဆိုင်မှုလုပ်ငန်းကိုထိန်းချုပ်ရန် ဥပဒေများရှိသည့် အာဖရိကနိုင်ငံများဖြစ်သော တောင်အာဖရိကကဲ့သို့သော အခြားနိုင်ငံများနှင့် ပူးပေါင်းရန် လက်တစ်ကမ်းသာလိုတော့သည့် အနေအထားသို့ရောက်ရှိစေပြီး သမ္မတ ဝီလျံရူတိုက ဥပဒေအဖြစ် လက်မှတ်ရေးထိုးရန်သာ လိုအပ်တော့မည်ဖြစ်ကြောင်း သိရသည်။

Mon

# ရုရှားနိုင်ငံ၌ အရည်အသွေးမြင့်မားပြီး အလေးချိန် ၃၄၀ ကာရက်ရှိ စိန်တုံးကြီး တူးဖော်တွေ့ရှိ

**မော်စကို အောက်တိုဘာ ၁၄**

အရည်အသွေးမြင့်မားပြီး အလေးချိန် ၃၄၀ ကာရက်ရှိ စိန်တုံးကြီးကို ရုရှားနိုင်ငံ အာခန်ဂဲလ်ခ်ဒေသတွင် ရှိသည့် သတ္တုသိုက်တစ်ခုမှ တူးဖော်တွေ့ရှိခဲ့ကြောင်း အုပ်ချုပ်ရေးမှူး အဲလက်ဇန္ဒြားဆီဘူစကီးက အောက်တိုဘာ ၁၃ ရက်တွင် ပြောသည်။

အဆိုပါ စိန်တုံးသည် ရုရှားနိုင်ငံတွင် တူးဖော်တွေ့ရှိသည့် အကြီးဆုံးစိန်တုံးငါးခုထဲမှ တစ်ခုဖြစ်ကြောင်း၊ ဒေသတွင်းရှိ V. Grib စိန်တွင်းကို စက်မှုလုပ်ငန်းသုံး တူးဖော်ရေးစတင်လုပ်ကိုင်ချိန်မှစ၍ ယနေ့အချိန်အထိ တွေ့ဖူးသမျှထဲတွင် အကြီးဆုံးဖြစ်ကြောင်း ဆီဘူစကီးက ပြောသည်။

အဆိုပါ ကျောက်မျက်ရတနာသည် ထူးခြားသည့် အရွယ်အစားကြောင့်သာမက အရည်အသွေးနှင့် ဈေးကွက်တန်ဖိုးတို့ကြောင့်လည်း ထင်ရှားပေါ်လွင်ကြောင်း အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားသည်။ ထို့အပြင် ယင်းစိန်တုံးကြီးသည် အရွယ်အစားသာမက အရည်အသွေးပါ ထူးခြားသည့်အတွက် သဘာဝစိန်များအနက် ၂ ရာခိုင်နှုန်းသာရှိသော အလွန်ရှားပါးပြီး တန်ဖိုးကြီးမားသည့် စိန်အမျိုးအစားထဲတွင် ပါဝင်ကြောင်း ၎င်းက မှတ်ချက်ပြု ပြောသည်။

V. Grib စိန်တွင်းကို ရုရှားစိန်တူးဖော်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် AGD Diamonds က တူးဖော်လုပ်ကိုင်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံသည် စိန်ကို ပမာဏအားဖြင့် အများဆုံးထုတ်လုပ်သော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းနှင့် အာခန်ဂဲလ်ခ်ဒေသမှာ နိုင်ငံအတွင်း အဓိကစိန်တူးဖော်သည့် ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။



ဆင်ဟွာ




## မာလစ်ဖိုဖာနာကို ခေါ်ယူရန် ပရီးမီးယားလိဂ်ကလပ်အသင်းများ အပြိုင်စိတ်ဝင်စား

**မန်ချက်စတာ အောက်တိုဘာ ၁၄**

ပရီးမီးယားလိဂ်ကလပ် အသင်းများဖြစ်သည့် လီဗာပူး၊ မန်စီးတီး၊ ချဲလ်ဆီးအသင်းတို့သည် လိုင်ယွန်အသင်း တောင်ပံကစားသမား မာလစ်ဖိုဖာနာကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။ **(အောက်ပုံ)**

အသက်(၂၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် လိုင်ယွန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၁ပွဲကစားပြီး ၁၇ဂိုး သွင်းယူကာ ခြေစွမ်းပြထားနိုင်ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလာခြင်းဖြစ်သည်။



လိုင်ယွန်အသင်းကလည်း မာလစ်ဖိုဖာနာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် လီဗာပူး၊ မန်စီးတီး၊ ချဲလ်ဆီးအသင်းတို့အနေဖြင့် မည်သည့်အသင်းက လိုင်ယွန်အသင်းထံမှ မာလစ်ဖိုဖာနာကို ခေါ်ယူနိုင်မည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## 2025 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၂၀ ရက်တွင် စတင်မည်

**တိုကျို အောက်တိုဘာ ၁၄**

ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ လာမည့်အောက်တိုဘာ ၂၀ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၀ ရက်မှ ၂၇ရက်အထိ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနယ်မယ်များစွာ ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ တရုတ်တင်းနစ်မယ် Zheng Qinwen ဖြစ်သည်။

**(အပေါ်ပုံ)**

**(NGB)**

## ရပ်ရှ်ဖို့ဒ်ကို အပြီးသတ်ခေါ်ယူရန် ဘာစီလိုနာအသင်း စီစဉ်

**လန်ဒန် အောက်တိုဘာ ၁၄**

ဘာစီလိုနာအသင်းသည် မန်ယူအသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် တိုက်စစ်မှူး ရပ်ရှ်ဖို့ဒ်ကို အပြီးသတ်ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်းမှ ဘာစီလိုနာအသင်းသို့ အငှားလာရောက်ကစားပြီး ပြိုင်ပွဲစုံ ၁၀ ပွဲကစားကာ သုံးဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။ **(ယာပုံ)**

မန်ယူအသင်းကလည်း ရပ်ရှ်ဖို့အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် အငှားခေါ်ယူထားသော ရပ်ရှ်ဖို့ဒ်ကို အပြီးသတ်ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**



## နည်းပြ ဝီလ်ရှိုင်းယားကို နည်းပြသစ်အဖြစ် လူတန်အသင်း ခန့်အပ်

**လန်ဒန် အောက်တိုဘာ ၁၄**

လိဂ်ဝမ်းကလပ် လူတန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဝီလ်ရှိုင်းယားကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသစ်သည် လူတန်အသင်းနှင့်အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။



လူတန်အသင်းကလည်း နည်းပြသစ် ဝီလ်ရှိုင်းယားသည် အသင်းကို အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဝီလ်ရှိုင်းယားက "ကျွန်တော့်ကို အခုလို နည်းပြအဖြစ်ယုံကြည်စွာနဲ့ တာဝန်ပေးခန့်အပ်ခဲ့လို့ လူတန်အသင်းက တာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေ ရရှိအောင်လည်း ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(ဝဲပုံ)**

**(NGB)**

## ဂျာမနီအသင်းက မြောက်အိုင်ယာလန်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် အောက်တိုဘာ ၁၄**

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(ဥရောပဇုန်) ခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဂျာမနီအသင်းနှင့် မြောက်အိုင်ယာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျာမနီအသင်းက မြောက်အိုင်ယာလန်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂျာမနီအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၃၁မိနစ်တွင် ဝါတန်မိတ်က သွင်းယူပေးခဲ့သည်။

ဂျာမနီအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်)ခြေစစ်ပွဲအုပ်စုပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၁၅ရက်တွင် လူဇင်ဘော့အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



## နည်းပြ လောကသို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း ဇီဒန်းပြောကြား



**လန်ဒန် အောက်တိုဘာ ၁၄**

ရီးရဲလ်မက်ဒရစ်အသင်း နည်းပြဟောင်း ဇီဒန်းက မိမိအနေဖြင့် မကြာမီအချိန်အတွင်း နည်းပြလောကသို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ပြီး ပြင်သစ်လက်ရွေးစင်အသင်းကို ကိုင်တွယ်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ နည်းပြသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ၂၀၂၁ ခုနှစ်ကတည်းက လမ်းခွဲခဲ့ပြီး လက်ရှိအချိန်အထိ အသင်းလက်မဲ့ဖြစ်နေသည်။

နည်းပြ ဇီဒန်းသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ချန်ပီယံလိဂ်ဖလားကြီးအား သုံးရာသီဆက် ရယူနိုင်သည့် နည်းပြအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ **(ဝဲပုံ)**

ထို့ကြောင့် နည်းပြ ဇီဒန်းအနေဖြင့် နည်းပြလောကသို့ ပြန်လည်ဝင်ရောက်ပြီး မည်သည့်အသင်းကို ကိုင်တွယ်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## ကိတ်ဗက်အသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲ ပထမဆုံးအကြိမ် အောင်မြင်

**လန်ဒန် အောက်တိုဘာ ၁၄**

အာဖရိကနိုင်ငံငယ်လေး တစ်နိုင်ငံဖြစ်သည့် ကိတ်ဗက်အသင်းသည် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်ခဲ့ပြီဖြစ်သည်။

ကိတ်ဗက်အသင်းသည် ကမ္ဘာ့ဖလား ခြေစစ်ပွဲအုပ်စု နောက်ဆုံးပွဲစဉ်တွင် အက်ဆွာတီနီအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

ကိတ်ဗက်အသင်းသည် အာဖရိကဇုန်ခြေစစ်ပွဲ အုပ်စု (ဃ) ၁၀ ပွဲကစားအပြီးတွင် ရမှတ် ၂၃မှတ်ဖြင့် အုပ်စု ဒုတိယနေရာမှ ကင်မရွန်းအသင်းကို ခြောက်မှတ်အထိဖြတ်ကာ ခြေစစ်ပွဲ အောင်မြင်ခဲ့သည်။ **(အောက်ပုံ)**

ကိတ်ဗက်အသင်း၏ထုတ်ပြန်ချက်တွင် "အခုလို ခြေစစ်ပွဲ အောင်မြင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အသင်းအတွက် အစွမ်းကုန် ပေးဆပ်ကြိုးစားခဲ့တဲ့ အသင်းနည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။

**(NGB)**



## ဂိုးသမား ပစ်ဖို့ဒ် အဲဗာတန်အသင်းနှင့် နှစ်ရှည်စာချုပ် ချုပ်ဆိုသွားမည်

**လန်ဒန် အောက်တိုဘာ ၁၄**

အဲဗာတန်အသင်းသည် အသင်းဂိုးသမား ပစ်ဖို့ဒ်ကို နှစ်ရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဂိုးသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အသင်းက ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

ဂိုးသမား ပစ်ဖို့ဒ်သည် အဲဗာတန်အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၂၂ပွဲကစားပြီး လက်စွမ်းပြထားသည်။

အဲဗာတန်အသင်းထုတ်ပြန်ချက်တွင် "ပစ်ဖို့ဒ်ကို ကာလရှည်စာချုပ် ချုပ်ဆိုသွားမှာပါ။ မကြာမီ အချိန်အတွင်း စာချုပ်ကိစ္စအပြီးသတ်နိုင်မှာပါ"ဟု ထုတ်ပြန်သည်။ **(ယာပုံ)**

**(NGB)**



# ကျောက်ဆည်မြို့ရှိ မဟာရွှေသိမ်တော်မြတ်စွာဘုရားအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဖူးမြော်ကြည်ညို၊ ကျောက်ဆည်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည့် ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲသို့ တက်ရောက်

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်၊ သင်တောင်းကြီးရွာရှိ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သည့် ရွှေသိမ်တော်စေတီတော်သို့ သွားရောက်ပြီး စေတီတော်တွင် ကိန်းဝပ်အပူဇော်ခံထားသည့် အမိဋ္ဌာန်အောင်ဆုတောင်းပြည့် မဟာရွှေသိမ်တော်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ အလှူငွေများ လှူဒါန်းပြီး စေတီပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုကာ ပင်မကျောင်းဆောင်တော်ကြီး မိုးလုံ၊ နေလုံ ရင်ပြင်တော် တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။





ငှင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဆည်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည့် ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် စားရေရိက္ခာ ဖူလုံရန်၊ ပန်းတိုင်အထွက်နှုန်း ရရှိရန်၊ စိုက်ပျိုးရေး ထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်တွင်ယှဉ်ပြိုင်နိုင်စေရန်၊ ပြည်တွင်းစားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ်နိုင်ရန်အတွက် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် လျှော့ချနိုင်ရေး အခန်းကဏ္ဍများတွင် စိုက်ပျိုးရေးလုပ်ကိုင်နေသည့် တောင်သူဦးကြီးများ ထဲထဲဝင်ဝင် ပူးပေါင်းပါဝင်လိုက်ပါဆောင်ရွက်ခြင်းဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းလျော့နည်းသည့် သီးနှံများကို ပိုမိုထုတ်လုပ်နိုင်ကာ နိုင်ငံတကာ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်၍ ဈေးကောင်းရရှိပြီး စားသုံးသူများအတွက်လည်း ဘေးအန္တရာယ်ကင်းရှင်းမည်ဖြစ်ပါကြောင်း၊ စပါး၊ ပဲတီစိမ်းနှင့် မတ်ပဲအဓိကစိုက်ပျိုးသည့်တောင်သူများ ကျယ်ပြန့်စွာ သိရှိနိုင်ရေး ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ ဆွေးနွေးပွဲမှရရှိလာမည့် အသိပညာများ၊ အတွေ့အကြုံများနှင့် နည်းပညာများဖြင့် လက်တွေ့နယ်ပယ်တွင် ပိုမိုထိရောက် အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ အစားအစာဘေးအန္တရာယ်ကင်းရှင်းရန်၊ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန် အားလုံးပူးပေါင်းကာ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



ငှင်းနောက် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်လင်းက ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးပွဲများဆက်လက်ပြုလုပ်သွားမည့် အစီအမံများနှင့် ဆွေးနွေးပွဲမှ ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆွေးနွေးပွဲ ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ပြီးဆွေးနွေးပွဲ၌ သီးနှံကာကွယ်ရေးဌာနခွဲ၊ မြေအသုံးချရေးဌာနခွဲ၊ မျိုးစေ့ဌာနခွဲတို့မှ တာဝန်ရှိသူများက ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဆောင်ရွက်ရမည့် အချက်များ၊ အင်းဆက်ဖျက်ပိုးများအား ဘက်စုံကာကွယ်ရေး နည်းလမ်းများ အသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ သီးနှံရောဂါများအား ဘက်စုံကာကွယ်ရေးနည်းလမ်းများ အသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ သီးနှံဖျက်ပေါင်းပင်များအား ဘက်စုံကာကွယ်ရေး နည်းလမ်းများ အသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ မြေဆီလွှာစီမံခန့်ခွဲမှု နည်းလမ်းများနှင့် ဓာတ်မြေဩဇာစနစ်တကျအသုံးပြုနည်းများ၊ ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်သုံးစွဲရေးတို့ကို သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးပို့ချပေးခဲ့ကြောင်းနှင့် တက်ရောက်လာသူများမှ သိလိုသည်များကို ပြန်လည် ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ဆွေးနွေးပွဲသို့ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးလုပ်ကိုင်ဆောင်ရွက်နေသူများနှင့် တောင်သူများ၊ ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)မှ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနှင့် ဓာတ်ကြွင်းလျော့နည်းအောင် ရိတ်သိမ်းရမည့်နည်းလမ်းနှင့် ပိုးသတ်ဆေးဆိုင်ရာတားမြစ်ချက်လိုက်နာရမည့် စည်းကမ်းများ ပညာပေးစာစောင် ၁၁ မျိုး အစောင်ပေါင်း ၂၂၀၀ စောင်၊ အပင်ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်း နည်းပညာပေးစာအုပ် သုံးမျိုးစာအုပ်ပေါင်း ၆၀၀ အုပ်ကို တက်ရောက်လာသော တောင်သူများနှင့် လုပ်ငန်းရှင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

# အပတ်စဉ် တနင်္လာနေ့တိုင်း ကော်မတီပိုင်ဈေးများတွင် ပလတ်စတစ်မသုံးစွဲရေးနေ့အဖြစ် ဆောင်ရွက်လျက်ရှိ

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန၊ သန့်ရှင်းရေးဌာနနှင့် မန္တလေးတိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ အပတ်စဉ် တနင်္လာနေ့တိုင်း ကော်မတီပိုင်ဈေးများတွင် ပလတ်စတစ် မသုံးစွဲရေးနေ့ အဖြစ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပလတ်စတစ် မသုံးစွဲရေးနေ့အဖြစ် ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာဈေးနှင့် ချမ်းအေးသာစံမြို့နယ်၊ ရန်ကြီးအောင်ဈေးတို့တွင်သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး၊ မသုံးစွဲရေးအတွက် ဈေးသူ၊ ဈေးသားများ၊ ဈေးဝယ်လာ ပြည်သူများအား အသိပညာပေးဟောပြောခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပလတ်စတစ်အစားထိုးအိတ်များဝေငှပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဈေးဝယ်သူများအနေဖြင့် ဈေးသို့ ဈေးဝယ်လာစဉ် ပလတ်စတစ်သုံးစွဲမှု လျော့ကျစေရန် ဈေးဝယ်အိတ်များ၊ ဈေးခြင်းတောင်းများဖြင့် သတိပြုဝယ်ယူမှုရှိလာကြောင်း၊ ပလတ်စတစ်အစား အင်ဖက်၊ ကြာဖက်များ၊ ငှက်ပျောဖက်များဖြင့် ပြောင်းလဲအသုံးမှုများရှိလာကြောင်း ဈေးနှင့်သားသတ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ အပတ်စဉ် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အတွက် မန္တလေးမြို့အတွင်းရှိ စည်ပင်သာယာဈေးများတွင် ဆောင်ရွက်လျက်ရှိပြီး ပညာပေးခြင်းနှင့် ပလတ်စတစ်သုံးစွဲမှု အမှန်တကယ်လျော့ကျစေရေး ပညာပေးလုပ်ငန်းများနှင့်အတူ ပညာပေးကာလ နောက်ပိုင်းတွင် မလိုက်နာပါက အရေးယူမှုများအထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀



# မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်၍ စဉ်ဆက်မပြတ် ထောက်ပံ့ပေးလျက်ရှိသည်။ **(ယာပုံ)**

ဘာသာရပ် အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိရာ အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက အူအတက် ခွဲစိတ်ကုသမှုခံယူခဲ့သော သတ္တဗေဒဌာနမှ အငြိမ်းစား ပါမောက္ခ ဦးအောင်မောင်းထံသို့ ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီနာယက ဦးတင်မောင်၊ ဥက္ကဋ္ဌ ဒေါက်တာသီတာဝင်းနှင့် အဖွဲ့ဝင်များက မဟာအောင်မြေ မြို့နယ်ရှိ နေအိမ်သို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ငွေကျပ် သုံးသိန်း ပေးအပ်၍ ကျန်းမာရေးအခြေအနေ မေးမြန်းကာ အားပေးစကားများ ပြောကြားခဲ့ကြသည်။



မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှစပြီး ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်အထိ နာမကျန်းဖြစ်သော ဆရာကြီး၊ ဆရာမကြီး ၃၅၆ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြုငွေကျပ် ၆၆၁ သိန်း ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(၀၄၅)**

# ကျေးလက်ရေရရှိရေး ရာနှုန်းပြည့်ပြီးစီးနေမှုအခြေအနေအား တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး

**မိုးညှင်း အောက်တိုဘာ ၁၄**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟဲလုံခေတ်မီစံပြကျေးရွာ၌ ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးနေမှုအခြေအနေများကို ယမန်နေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီလွင်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေးကော်မတီအဖွဲ့ဝင်များနှင့်အတူ လုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ကွင်းဆင်းစစ်ဆေးမှုနှင့်ပတ်သက်၍ အဆိုပါလုပ်ငန်းများကို ကျေးရွာနေပြည်သူများအနေဖြင့် အကျိုးရှိရှိ အသုံးချရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်တတ်ကြရန် စသည်တို့ကို ပြောကြားခဲ့သည်။

ဟဲလုံခေတ်မီစံပြကျေးရွာတွင် လေးလက်မ အကျယ်ရှိ တွင်းနက် ပေ ၃၀၀ စက်ရေတွင်း နှစ်တွင်းတူးဖော်ရာတွင် ရေဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် နှစ်ခု၊ ရေစက်ရုံ နှစ်ရုံ၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တစ်ကန်နှင့် နှစ်လက်မ PVC ပေ ၁၂၂၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၂၅၇ ဒသမ ၆၈၆ သန်းဖြင့် ဖွန့်ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။



အဆိုပါ လုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့မှုကြောင့် ဟဲလုံခေတ်မီစံပြကျေးရွာတွင် အိမ်ခြေ ၃၀၅ အိမ်နှင့်လူဦးရေ ၁၄၉၅ ဦး အပြင် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်ရေ၊ သုံးရေများဖူလုံစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

**ရွှေမိုးညှင်း**

*-*-*-*-*



# VDP စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်လမ်းအား ကျေးရွာပြည်သူများထံ လွှဲပြောင်းအပ်နှံ

**ပျဉ်းမနား အောက်တိုဘာ ၁၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း (VDP)စီမံကိန်းရန်ပုံငွေဖြင့် ရွာသစ်ကျေးရွာ၌ ဆောင်ရွက်ပြီးစီးသည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းနှင့်ပတ်သက်၍ စီမံကိန်းလုပ်ငန်းဆိုင်ရာ ရှင်းလင်းခြင်းနှင့် လွှဲပြောင်းအပ်နှံခြင်းကို ယမန်နေ့က အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါ ရွာသစ်ကျေးရွာတွင် လမ်းအရှည် ပေ ၄၀၀အား လမ်းအကျယ် ၁၀ ပေ၊ လမ်းအမြင့်ထု ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းမှ နိုင်ငံတော်ပံ့ပိုးငွေကျပ် ၁၅ သန်း၊ ကျေးရွာ ထည့်ဝင်ငွေ သန်း ၉၀ ၊ စုစုပေါင်း ငွေကျပ် ၁၇ ဒသမ သန်း ၉၀တို့ကို အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ လုပ်ငန်းဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေထံမှ သိရသည်။ **(အပေါ်ပုံ) (၄၄၅)**

# တောင်သမန်အင်းတွင် ဆောင်းခိုငှက်များ ယခင်နှစ်များထက် ဝင်ရောက်လာမှု လျော့နည်းလာ

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေး၊ အမရပူရ တောင်သမန်အင်းသို့ လာရောက်သည့် ဆောင်းခိုငှက်များ၏ မျိုးစိတ်နှင့် အကောင်ရေများ ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက လျော့နည်းလာသည်။

နှစ်စဉ် တောင်သမန်အင်းသို့ ဌာနေငှက်များနှင့် ဆောင်းခိုငှက် မျိုးစိတ် ၁၂၅မျိုး လာရောက်လေ့ရှိသော်လည်း ငှက်များ၏ နေထိုင်စားသောက်ရာ စားကျက်များ ပျက်စီးခြင်းကြောင့် လျော့နည်းလာခြင်းဖြစ်သည်။

"ဆောင်းခိုငှက်မျိုးစိတ်များ နှစ်စဉ်လာရောက်ကြပေမယ့် တချို့က ပုံမှန်မလာတော့တာတွေလည်းရှိတယ်။ မြန်မာနိုင်ငံမှာ တောင်သမန်အင်းတစ်ခုထဲကို လာတတ်တဲ့ ငှက်နှုတ်သီးလန်(Pied Avocet) ငှက်ကို လွန်ခဲ့သော သုံးနှစ်လောက်ကစပြီး မတွေ့ရတော့ပါဘူး။ လေ့လာခဲ့တဲ့ ဆယ်နှစ်ကျော်အတွင်း နှစ်စဉ်ငှက်မျိုးစိတ်အကောင်ရေ သိသိသာသာ လျော့နည်းလာတယ်"ဟု ဆောင်းခိုငှက်လေ့လာသူတစ်ဦးက ပြောသည်။

ဆောင်းခိုငှက်များသည် မြန်မာနိုင်ငံသို့ နိုဝင်ဘာ ပထမအပတ်မှ စတင်ဝင်ရောက်လာပြီး ဧပြီလဆန်းပိုင်းတွင် ၎င်းတို့နေရပ်ဒေသကို ပြန်လည်ထွက်ခွာတတ်ကြောင်း၊ မန္တလေးဝန်းကျင်ရှိ တောင်သမန်အင်း၊ ပလိပ်အင်း၊ ဘနောအင်း၊ ဝမ်းဘဲအင်း၊ သူငယ်တော်အင်း၊ ပြုကန်အင်းစသည်တို့တွင် ဆောင်းခိုငှက်များ ကျက်စားကြသည်။

"၂၀၂၃-၂၀၂၄ ဆောင်းခိုငှက်ရာသီတွင် မန္တလေးဝန်းကျင်သို့ လာရောက်သည့် ဆောင်းခိုငှက်များ၏ မျိုးစိတ်အကောင်ရေမှာ သိသိသာသာလျော့နည်းလာတာ တွေ့ရပါတယ်။ နှစ်စဉ် ဆောင်းခိုငှက်တွေကို ဧပြီပထမပတ်လောက်အထိ တွေ့ရပေမယ့် ၂၀၂၄ ဖေဖော်ဝါရီနောက်ဆုံးအပတ်မှာတော့ တောင်သမန်အင်းဝန်းကျင်မှာ ဆောင်းခိုငှက်တွေ တော်တော်လျော့နည်းသွားတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၂၂-၂၀၂၃ ခုနှစ်တွင် အသစ်တွေ့ရှိရသည့် ဆောင်းခိုငှက်များမှာ Spotted Redshank ၊ Gull-billed Tern ၊ Eurasian Curlew နှင့် Ruff တို့ဖြစ်ပြီး ဖမ်းဆီးသတ်ဖြတ်ခံရခြင်းထက် ကျက်စားရာ စားကျက်များ လျော့နည်းလာမှုကြောင့် ဆောင်းခိုငှက်များ လျော့နည်းလာကြောင်း သိရသည်။ **(အောက်ပုံ)**

**စေလင်း(မန္တလေးနေ့စဉ်)**



# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေး တည်ငြိမ်

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၅၈၅ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့်တစ်ပတ် အောက်တိုဘာ ၆ ရက် မှ ၁၂ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၅၈၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ရည်ညွှန်းဈေးသည် ငွေကျပ် ၆၅၈၅ ဖြစ်သဖြင့် ဈေးနှုန်း အပြောင်းအလဲ မရှိဘဲ တည်ငြိမ်လျက်ရှိသည်။



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးအတွက် ထိန်းကျောင်းဆောင်ရွက်လျက်ရှိရာ စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၅)**




# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ဆယ်ကျော်သက်လေးများအတွက် အသားအရေထိန်းသိမ်းနည်း အဆင့် (၃)ဆင့်

ဆယ်ကျော်သက်လေးတွေ ရင်ဆိုင်ရတဲ့ပြဿနာတွေ ထဲက တစ်ခုကတော့ ဟော်မုန်းအပြောင်း အလဲ၊ ဖြစ်သလို အနေအထိုင်တွေကြောင့် ဝက်ခြံထွက်ခြင်း၊ အဆီပြန်ခြင်းတွေပဲဖြစ်ပါတယ်။အရွယ်ရောက်လာတာကြောင့် အလှအပကို နှစ်သက်လာတဲ့အတွက် အသားအရေချောမွေ့ပြီး ကြည့်ကောင်းတဲ့ အမျိုးသားလိုဖြစ်ချင်ပေမယ့် ဘယ်လိုလုပ်ရမလဲမသိတဲ့သူတွေအတွက် အခြေခံနည်းလမ်း သုံးဆင့်ကို မျှဝေပေးလိုက်ပါတယ်။



(၁)မနက်တစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီး တစ်ကြိမ် မျက်နှာသစ်ပါ။ ဝက်ခြံရှိပြီး အဆီပြန်နေတယ်ဆိုရင် Salicylic Acid (BHA) ပါဝင်သော မျက်နှာသစ်ဆေးကို ရွေးချယ်ပါ။ ဒါမှ ချွေးပေါက်ထဲက အဆီနဲ့အညစ်အကြေးတွေကို ဖယ်ရှားပေးပြီး ဝက်ခြံကို ထိန်းချုပ်နိုင်ပါမယ်။ Gym ကစားပြီး အားကစားလုပ်ပြီး ဒါမှမဟုတ် ချွေးထွက်များပြီးတိုင်း မျက်နှာကို သစ်ပေးတာ အကောင်းဆုံးပါ။

(၂) ညဘက် မျက်နှာသစ်ပြီးနောက် အစိုဓာတ်ဖြည့်ဖို့ Moisture ၊ Night Cream ကိုလိမ်းပြီး ဝက်ခြံပိုးသတ်လိမ်းဆေး Benzoyl Peroxide) (သို့မဟုတ်) Salicylic Acid ပါဝင်သည့် ဝက်ခြံလိမ်းဆေးကို လိမ်းပေးပါ။

AHA/BHA (Toner ပုံစံ) ပါဝင်သော ကြေး(ချေး)ချွတ်ဆေးကို တစ်ပတ်တစ်ခါ အသုံးပြုပေးပါ)

(၃) မျက်နှာကို ရေဓာတ်ဖြည့်ပြီး နေရောင်ခြည်ဒဏ်ကနေ ကာကွယ်ပါ။ အဆီမပါ(Oil-free)၊ Lightweight ဖြစ်တဲ့ အစိုဓာတ်ထိန်းခရင်မ်ကို ရွေးချယ်အသုံးပြုပေးပါ။ ဒါမှ အဆီပိုထွက်တာနဲ့ ချွေးပေါက်ပိတ်တာကို ကာကွယ်ပေးနိုင်မှာပါ။

နေရောင်ခြည်က ဝက်ခြံအမာရွတ်နဲ့ အမည်းစက်တွေကို ပိုမိုဆိုးရွားစေတာကြောင့် SPF 30 နှင့်အထက်ပါဝင်တဲ့ Sunscreen ကို နံနက်တိုင်း အပြင်မထွက်ခင်လိမ်းပါ။ (Moisturizer နဲ့ Sunscreen ပေါင်းစပ်ထားတဲ့ ထုတ်ကုန်တွေကိုလည်း သုံးနိုင်ပါတယ်)။

**Daisy**

## ဇက်ကြောတက်ခြင်းကိုသက်သာစေမယ့် လွယ်လွယ်ကူကူလေ့ကျင့်ခန်းများ

လုပ်ငန်းခွင်မှာ တစ်နေကုန်ထိုင်ပြီး ကွန်ပျူတာနဲ့ ဖုန်းတွေကို အသုံးပြုရတဲ့အခါမှာ ဇက်ကြောတက်၊ ညောင်းညာကိုက်ခဲခြင်းတွေ ဖြစ်စေပါတယ်။ ဇက်ကြောတက်တာကို သက်သာစေဖို့အတွက် အကိုက်အခဲပျောက်ဆေးက ဇက်ကြောတင်းပြီး တက်နေတာတွေကို ပျောက်ကင်းသွားတာမဟုတ်ဘဲ ညောင်းညာကိုက်ခဲခြင်းကို ဆေးနဲ့ယာယီသက်သာအောင်လုပ်တာဖြစ်တဲ့အတွက်ကြောင့် အမြဲမသောက်သုံးသင့်ပါဘူး။ ဇက်ကြောတက်၊ ပခုံးကြောတင်း၊ မျက်ရိုးကိုက်၊ မျက်လုံးညောင်း၊ မျက်ကြောတင်းတာတွေကို သက်သာစေဖို့အတွက် လေ့ကျင့်ခန်းတွေ ပြုလုပ်ပေးဖို့လိုအပ်ပါတယ်။ အခုပြောပြမယ့် လေ့ကျင့်ခန်းတွေက လွယ်ကူရိုးရှင်းပြီး အချိန် ၃ မိနစ်ခန့်ပေးရုံနဲ့ ပြုလုပ်နိုင်တာကြောင့် တစ်နေ့ကို အနည်းဆုံး နှစ်ကြိမ်လောက် ပြုလုပ်ဖို့အကြံပြုလိုက်ပါတယ်။

**Daisy**



## Skincare အသုံးပြုရာမှာ ပိုပြီးထိရောက်စေဖို့ ပြုလုပ်သင့်တဲ့ Chemical Exfoliation

အသားရေထိန်းသိမ်းရာမှာ Skincare အကောင်းစားတွေ အသုံးပြုနေပေမယ့်လည်း သိပ်ပြီး ထိရောက်မှုမရှိတာတွေ၊ လိမ်းလိုက်ရင် အသားထဲစိမ့်ဝင်မသွားဘဲ အသားအရေက ခပ်ညစ်ညစ်နဲ့ ကြမ်းသလိုဖြစ်နေရင် မျက်နှာအသားအရေကို ကြေး(ချေး)ချွတ်ပေးဖို့ လိုအပ်နေပါပြီ။ အရေပြားရဲ့ ချွေးပေါက်တွေကို ဆဲလ်သေ၊ ဖုန်နဲ့ အညစ်အကြေးတွေ ပိတ်ဆို့နေတာကြောင့် လိမ်းလိုက်တဲ့ Skincare တွေကို အရေပြားအတွင်းပိုင်းထိ စိမ့်ဝင်နိုင်စွမ်းမရှိတော့ပါဘူး။ ဒါကြောင့် အသားအရေ ထိန်းသိမ်းရာမှာ ပိုပြီး ထိရောက် ကောင်းမွန်စေဖို့အတွက် ကြေး(ချေး) ပုံမှန်ချွတ်ပေးဖို့ လိုအပ်ပါတယ်။ ကြေး(ချေး)ချွတ်တဲ့အခါမှာ Physical Exfoliation နဲ့ Chemical Exfoliation ဆိုပြီး နှစ်မျိုးရှိပါတယ်။ ဒီတစ်ပတ်မှာတော့ Chemical Exfoliation ပြုလုပ်နည်းကို မျှဝေပေးချင်ပါတယ်။

Chemical Exfoliation ဆိုတာကတော့ အသားအရေထိန်းသိမ်းရာမှာ အသုံးပြုကျတဲ့ ဓာတုပစ္စည်းတွေကိုအသုံးပြုပြီး အသားအရေအတွင်းပိုင်းထိ ကြေး(ချေး)ချွတ်ပေးတာဖြစ်ပါတယ်။ Chemical Exfoliation လုပ်ဖို့အတွက် Alpha Hydroxy Acids (AHA)၊ Beta Hydroxy Acids (BHA)(သို့မဟုတ်) အင်ဇိုင်းများ (Enzymes) ပါဝင်သော ပစ္စည်းတွေပဲဖြစ်ပါတယ်။

(၁) AHA (Glycolic Acid, Lactic Acid) အသားအရေမျက်နှာပြင်ကို ကြေး(ချေး)ချွတ်ပေးပြီး နေလောင်၊ ခြောက်သွေ့အသားအရေတွေအတွက် အထူးသင့်လျော်ပြီး အစိုဓာတ်ကို ထိန်းသိမ်းပေးနိုင်စွမ်းရှိပါတယ်။

(၂) BHA ( Salicylic Acid) ချွေးပေါက်အတွင်းပိုင်းထိ စိမ့်ဝင်နိုင်တာကြောင့် အဆီပြန်သူများ၊ ဝက်ခြံထွက်လွယ်သူများနဲ့ ဆားဝက်ခြံများအတွက် သင့်လျော်ပြီး ရောင်ရမ်းမှုကို လျော့နည်းစေတဲ့ ဂုဏ်သတ္တိလည်း ရှိပါတယ်။

ကြေး(ချေး)ချွတ်ပြီးသွားရင် အသားအရေခြောက်သွေ့စေနိုင်တာကြောင့် အစိုဓာတ်ဖြည့်ဖို့ Moisture မဖြစ်မနေလိမ်းဖို့ လိုအပ်တဲ့အပြင် နေရောင်ခြည်ကို ခံနိုင်ရည်နည်းသွားတဲ့အတွက် နေ့ဘက်ဆိုရင် နေကာခရင်မ် (Sunscreen) ကို မဖြစ်မနေ လိမ်းပေးရပါမယ်။

Chemical Exfoliant (AHA/BHA) ကို သုံးမယ်ဆိုရင်တော့ ညွှန်ကြားချက်အတိုင်း အသုံးပြုဖို့အရေးကြီးပါတယ်။ အလွန်အကျွံလုပ်မိရင် အသားအရေ နီရဲတာ၊ ရောင်ရမ်းတာတွေ ဖြစ်လာနိုင်ပါတယ်။

**Daisy**

## ခန္ဓာကိုယ် ဖောရောင်ခြင်း(Bloating)ကို သက်သာစေတဲ့ အုန်းစိမ်းရည်

အုန်းစိမ်းရည်သောက်သုံးခြင်းဟာ ကျန်းမာရေးအကျိုးကျေးဇူးများစွာရှိရုံတင်မက ခန္ဓာကိုယ်အလှအပထိန်းသိမ်းရာမှာလည်း များစွာအထောက်အကူဖြစ်စေပါတယ်။ အုန်းစိမ်းရည်မှာ ပါဝင်တဲ့ အာဟာရဓာတ်တွေကြောင့် အစာခြေစနစ်ကို အထောက်အကူပြုပြီး ဗိုက်ပူ၊ ဖောရောင်ခြင်းကို သက်သာစေပါတယ်။

အုန်းစိမ်းရည်မှာ ပိုတက်စီယမ်ဓာတ် အများအပြားပါဝင်လို့ ခန္ဓာကိုယ်ထဲက ဆိုဒီယမ်(ဆား)ဓာတ်ကို ထိန်းညှိပေးပြီး ဆားကြောင့်ဖြစ်တဲ့ ကိုယ်ခန္ဓာမှာ ရေဓာတ်စုပုံခြင်း (Water Retention) ကို ဖယ်ရှားပေးနိုင်တာကြောင့် ဗိုက်ပွ၊ ဗိုက်ပူ၊ ဖောရောင်တာတွေကို လျှော့ပါးစေပါတယ်။

အုန်းစိမ်းရည်က သာမန်ရေထက် ပိုမိုမြန်ဆန် ထိရောက်စွာ ရေဓာတ်ဖြည့်တင်းပေးပြီး အစာခြေလမ်းကြောင်းကို ကောင်းမွန်စွာ လည်ပတ်စေတာကြောင့် ရေဓာတ်ပြည့်ဝတဲ့အခါ အစာခြေစနစ်ချောမွေ့ပြီး ဝမ်းချုပ်ခြင်းကိုလည်း သက်သာစေတဲ့အပြင် အုန်းစိမ်းရည်မှာ သဘာဝအင်ဇိုင်း (Enzymes) များ ပါဝင်တဲ့အတွက် အစားအစာတွေကို ပိုမိုလွယ်ကူစွာ ချေဖျက်ပေးနိုင်ပါတယ်။

အစာစားပြီးချိန် အချိုတည်းဖို့ သကြားဓာတ်များတဲ့ အချိုရည်တွေအစား အုန်းစိမ်းရည်ကို သောက်ပေးခြင်းက အစာမကြေ၊ လေပွခြင်းကို သက်သာစေပြီး ခန္ဓာကိုယ်ရေဓာတ်ပြည့်ဝကာ လန်းဆန်းစေတဲ့အပြင် စားလိုက်တဲ့ဆားဓာတ်ကိုပါ လျှော့ချပေးနိုင်ပါတယ်။

ဒါကြောင့် ခန္ဓာကိုယ်တွင်းက ဆားဓာတ်တွေကြောင့် ဖောရောင်၊ ပွရောင်းရောင်းဖြစ်နေတယ်ဆိုရင်တော့ အုန်းစိမ်းရည်ကို ပုံမှန်သောက်သုံးဖို့အကြံပြုလိုက်ပါတယ်။

**Daisy**



## ဖိနပ်အနံ့ဆိုး ဖယ်ရှားပေးမယ့် အိမ်တွင်းနည်းလမ်းများ

ဖိနပ်အနံ့ဆိုးနေပြီဆိုရင် အောက်ပါသဘာဝပစ္စည်းများကို အသုံးပြုနိုင်ပါတယ်။

**၁။ မုန့်ဖုတ်ဆော်ဒါ (Baking Soda)**

မုန့်ဖုတ်ဆော်ဒါဟာ အနံ့ဆိုးတွေကို စုပ်ယူနိုင်တဲ့ သဘာဝရှိတာကြောင့် ဖိနပ်အတွင်းထဲကို မုန့်ဖုတ်ဆော်ဒါ အများအပြား ဖြူးထည့်ပြီး တစ်ညလုံး ဒါမှမဟုတ် အနည်းဆုံး ၂၄ နာရီထားပါ။ ပြီးရင် ဆော်ဒါမှုန့်ကို သွန်ထုတ်ပါ သို့မဟုတ် ဖုန်စုပ်စက်နဲ့ စုပ်ထုတ်ပါ။

မုန့်ဖုတ်ဆော်ဒါကို အဝတ်စပါးပါး(သို့မဟုတ်)ခြေအိတ်ဟောင်းထဲထည့်ချည်ပြီး အိတ်ပုံစံပြုလုပ်ပါ။ အဲဒီအိတ်ကို ဖိနပ်ထဲ တစ်ညလုံး ထည့်ထားပါ။

**၂။ ရှာလကာရည်ဖြူ (White Vinegar)**

ရှာလကာရည်ဖြူ (White Vinegar) ဟာ ဘက်တီးရီးယားများကို သေစေပြီး အနံ့ကို ချေဖျက်ပေးပါတယ်။

ရှာလကာရည် တစ်ပုံကို ရေတစ်ပုံနဲ့ရောပြီး ဖျန်းဘူးထဲ ထည့်ပါ။ ဖိနပ်စီးပြီးတိုင်း ဖိနပ်အတွင်းထဲကို ခပ်ပါးပါး ဖျန်းပေးပါ။ အခြောက်ခံရန် လေဝင်လေထွက်ကောင်းသော နေရာတွင် ထားပါ။ (ရှာလကာရည်က ဖိနပ်အပြင်ဘက်ကို စွန်းထင်းစေနိုင်တာကြောင့် သတိထားပါ။)

**၃။ လက်ဖက်ခြောက်ထုပ်များ (Tea Bags)**

သုံးပြီးသားမဟုတ်တဲ့ လက်ဖက်ခြောက်ထုပ် နှစ်ထုပ်ကို ဖိနပ်တစ်ဖက်စီထဲ ထည့်ပြီး တစ်ညလုံး ဒါမှမဟုတ် ၂၄ နာရီ ထားပါ။ လက်ဖက်ခြောက်က အစိုဓာတ်နဲ့ အနံ့ဆိုးတွေကို စုပ်ယူပေးနိုင်ပါတယ်။

**၄။သံပရာခွံ (သို့မဟုတ်) လိမ္မော်ခွံ**

သံပရာသီး(သို့မဟုတ်)လိမ္မော်သီးအခွံအချို့ကို ဖိနပ်ထဲမှာ တစ်ညလုံး ထည့်ထားပေးပါ။ သဘာဝရနံ့တွေက ဖိနပ်အနံ့ဆိုးတွေကို သက်သာစေပါတယ်။

ဖိနပ်အနံ့ဆိုးကို လုံးဝဖယ်ရှားဖို့အတွက် ခြေထောက်နဲ့ဖိနပ် သန့်ရှင်းရေးက အရေးကြီးဆုံးဖြစ်ပြီး ခြေအိတ်မှန်ကန်စွာ ရွေးချယ်ခြင်းနဲ့ ဖိနပ်ကို လေဝင်လေထွက်ပေးခြင်းဆိုတဲ့ အလေ့အကျင့်ကောင်းတွေကို ပေါင်းစပ်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။



# မြို့နယ်အဆင့် သင်္ချာနှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မိုင်းပျဉ်း အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် သင်္ချာနှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း စာသင်ခန်းမ၌ ကျင်းပခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မိုင်းပျဉ်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် မူလတန်းနှင့် အလယ်တန်းအဆင့် ၂၇ ဦး၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် မူလတန်းနှင့်အလယ်တန်းအဆင့် ၂၀ ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၄၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ မြို့နယ်အဆင့် သင်္ချာနှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲအပြီးတွင် အင်္ဂလိပ်စာစွမ်းရည် ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး မိုင်းပျဉ်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ပညာရေးဌာနမှ သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့မြေ

## စာပေ ကဗျာ ရေးစပ်ဂုဏ်ဖြာ

* ရေးစပ်နှောင်သွယ်၊ ကဗျာနယ်တွင်
ဝင့်ကြွယ်ထွန်းတောက်၊ မျိုးဂုဏ်မောက်ဖို့
ခေတ်ရောက်မတိမ်၊ ရောင်ဝါထိန်လို့
ဝတီမြင့်နန်း၊ ခေါင်ကြငှန်းနှင့်
ပွင့်ပန်းသဇင်၊ ပမာသွင်သို့
လှဆင်သဏ္ဌာန်၊ ရန့်ရံစေ
မွှေးလှိုင်ဖြာယှက်၊ စိတ်ချင်းဆက်ကာ
ပင်ထက်ကိုင်းပေါ်၊ ညီတူပျော်၍
ခေတ်သော်ကြာညောင်း၊ ဘယ်မနှောင်းမို့
မြတ်ကြောင်းဖြာဖြာ စေတော့သည်။

* တွေးထပ်ရောင်ခြယ်၊ ရေးစပ်နွှယ်ကာ
ကောင်းဖွယ်မှန်ခင်း၊ တန်ဖိုးသင်းလို့
မှောင်ခွင်းလင်းရောင်၊ လမ်းပြဆောင်သော်
မျိုးနှောင်ဆက်ထမ်း၊ ဂုဏ်ရည်လျှမ်းသို့
ကြာပန်းအသွင်၊ ကန်ရေပြင်ဝယ်
ပုံထွင်ဆင့်သ၊ လန်းဖြာလှလို့
ဆင်းမြရောင်ဝါ၊ တင့်တယ်စွာနှင့်
ပွင့်လွှာစုပေါင်း ၊ မျိုးစေ့လောင်း၍
လျှပ်ပေါင်းလွှာလွှာ ဝေတော့သည်။

* ပေးအပ်ဆောင်သယ်၊ တွေးဉာဏ်ကြွယ်လို့
ကောင်းဖွယ်ညွှန်းရေး၊ မှန်ခင်းပေး၍
ဂုဏ်သွေးဖော်စေ၊ တန်ဖိုးဝေဖို့
မသွေဆင့်ထမ်း၊ ဦးဆောင်မြန်းကာ
လက်ကမ်းနှောင်ငင်၊ ဂုဏ်ရည်ဆင်လို့
ခေတ်စဉ်မိုးခ၊ သုခမဝယ်
ပွင့်လှသဇင်၊ ကြာပန်းသွင်လို
မွှေးဆင်ဂုဏ်ပေါင်း၊ ဂုဏ်ရည်ကောင်းကို
ထပ်လောင်းခါခါ နေတော့သည်။

**မင်းမြတ်မိုး(မန်းမြေ)**



# အခြေခံပညာမူလတန်းကျောင်းတွင် သဘာဝဘေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင် ပြသ

**တောင်တွင်းကြီး အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများအား သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်းကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက တောင်တွင်းကြီးမြို့နယ်၊ လက်ပံကွေ့ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုးက သဘာဝကြောင့်ဖြစ်သော ဘေးအန္တရာယ်များ၊ လူကြောင့်ဖြစ်သောဘေးအန္တရာယ်များ၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားလေ့ရှိသော ဘေးအန္တရာယ်များ၊ လိုက်နာဆောင်ရွက်ရန်၊ သတိပြုရန်၊ ရှောင်ရှားရန်အချက်များကို အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာသည့် လက်ပံကွေ့ကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက ပူးပေါင်းပါဝင်ဆွေးနွေးခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးနံရံကပ်စာစောင်ပြသခြင်းနှင့် သဘာဝဘေးနှင့်ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**

# သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီများ ရောင်းချပေး

**ကန့်ဘလူ အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့ရှိ နိုင်ငံ့ဝန်ထမ်းများအတွက် စားအုန်းဆီများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီတို့က ကြီးကြပ်၍ ဆီလုပ်ငန်းရှင်များပူးပေါင်းကာ အောက်တိုဘာ ၁၁ရက် နံနက်က ကန့်ဘလူခရိုင် စုပေါင်းရုံးတွင် ရောင်းချပေးခဲ့သည်။

စားအုန်းဆီများကို နိုင်ငံ့ဝန်ထမ်းများ သက်သာချောင်ချိစေရန် သက်သာသောနှုန်းထားဖြင့် စားအုန်းဆီများကို စနစ်တကျဝယ်ယူနိုင်စေရန် ရည်ရွယ်၍ ဝန်ထမ်းတစ်ဦးလျှင် တစ်ပိဿာ ငွေကျပ် ၈၆၀၀နှုန်းဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၃၉၄)**



# ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert နှစ်စင်းတည်ဆောက်ပြီးစီးမှုစစ်ဆေး

**ရေနံချောင်း အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဖန်ခါးစမ်း-သန်းပင်ကုန်း-အလယ်ကန်ကျေးရွာချင်းဆက်လမ်းပေါ်၌ ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert နှစ်စင်းတည်ဆောက်ပြီးစီးမှုကို အောက်တိုဘာ ၁၃ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံအင်ဂျင်နီယာ(မြို့ပြ) ဒေါ်သီရိဖြိုးဝေဝင့်နှင့် တာဝန်ရှိသူများက ဖန်ခါးစမ်း-သန်းပင်ကုန်း-အလယ်ကန်ကျေးရွာချင်းဆက်လမ်းပေါ်၌ ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert နှစ်စင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာမှ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းအား ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းပေါ်၌ ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ် ကြမ်းခင်း အရှည် ၂၄ပေ၊ အကျယ် ငါးပေ၊ အမြင့်ငါးပေရှိ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၂၇သန်း အသုံးပြု၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဩဂုတ် ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**(ယာပုံ) နော်လူး**







## ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၄** ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ နန်းတော်ရှေ့ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ မိခင်ကြီး ဒေါ်ချိုချိုအေး အားရည်စူး၍ မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်နေ ဦးမြဝင်း+ဒေါ်သူဇာချို မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်းကို ယမန်နေ့က ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ဆေးရုံဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့်၁၅လမ်းထိပ်ရှိ အလှူခံဌာန ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၁)

## (၁၂၈)ကြိမ်မြောက် ဝါးတန်းကထိန်တော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေး သာသနာလင်္ကာရဝါးတန်းဓမ္မာရုံတွင် ကျင်းပ၊ ငွေများ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၄** (၁၂၈)ကြိမ်မြောက် ဝါးတန်းကထိန်တော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအနောက်ရပ်ကွက်၊ ၂၉(အေ)လမ်း၊ ၈၄လမ်းနှင့်၈၅လမ်းကြားရှိ အဆိုပါသာသနာလင်္ကာရဝါးတန်းဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ သာသနာလင်္ကာရဝါးတန်းဓမ္မာရုံဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ၊ စေတနာအလှူရှင်များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး နာယက ဦးမြစန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကထိန်တော်ဥက္ကဋ္ဌ ဦးရဲမြင့်က ၁၂၆၀ ပြည့်နှစ်မှ စတင်တည်ထောင်သော ဈေးချိုတော် ဝါးတန်းရပ်မဟာကထိန်တော် အောင်မြင်စွာကျင်းပရေးဆိုင်ရာများကို ပြောကြားပြီး စာရင်းစစ် ဦးမင်းဇော်က (၁၂၇)ကြိမ်မြောက် ကထိန်တော် ရ/သုံး ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားပြီး အတွင်းရေးမှူး ဦးအောင်ကျော်မိုးက ဝါးတန်းကထိန် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖြည့်စွက်ပြောကြားခဲ့သည်။



ထို့နောက် (၁၂၈)ကြိမ်မြောက် ဝါးတန်းကထိန်တော်ကျင်းပရေးအတွက် ဦးမောင်မောင်ကြီး+ဒေါ်ခင်ဝင်းကြည်(အိမ်ရှင်မ ငန်ပြာရည်)မိသားစုက ရာသက်ပန် ငွေပဒေသာပင်ငွေကျပ် ၂၇ သိန်း၊ ဦးမင်းဇော်+ဒေါ်မြင့်မြင့်ဦး မိသားစုက ကထိန်တော်ပဒေသာပင် ငွေကျပ် ၁၀ သိန်း၊ သာသနလင်္ကာရဝါးတန်းဓမ္မာရုံသို့ငွေကျပ် ၁၀ သိန်း၊ ကိုအိုက်ကျော်(ရွှမ်းမလေး ကြက်ဆီထမင်း)မိသားစုက ငွေကျပ် ငါးသိန်းတို့ကို လှူဒါန်းရာ ကထိန်တော်ဖြစ်မြောက်ရေးအဖွဲ့က လက်ခံရယူခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၅)

## သတင်းစာဆရာ၊ စာပေပညာရှင်များ ဂါရဝပြုကန်တော့ပွဲအတွက် အလှူငွေများ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၄** မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(မန္တလေးတိုင်းဒေသကြီး-ယာယီ)က အောက်တိုဘာ ၁၈ ရက်တွင် ကျင်းပမည့် သတင်းဆရာ၊ စာပေပညာရှင်များ ဂါရဝပြုကန်တော့ပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းမှုအဖြစ် A Bank မှ ငွေကျပ် ၁၀ သိန်း၊ ကိုကျော်ကြီး(MDY)+ဒေါက်တာဇူဇူသန့်စင်(မြန်မာချမ်းသာအကယ်ဒမီအခေါက်ရွှေဆိုင်)မိသားစုမှ ငွေကျပ် ငါးသိန်းနှင့် အဆွေးထည်ဂျက်ကက်အင်္ကျီ၊ Hotel Hazel ဒေါ်သန်းသန်းဆွေ မိသားစုက ငွေကျပ် သုံးသိန်း၊ စုစုပေါင်း ငွေကျပ် ၁၈ သိန်းကို မြန်မာနိုင်ငံသတင်းစာဆရာအသင်း(မန္တလေးတိုင်းဒေသကြီး-ယာယီ)ဥက္ကဋ္ဌ ဦးမျိုးမင်းမင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



## ပြည်သူများကို (၂၈)ကြိမ်မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၄** ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ ဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများကို (၂၈)ကြိမ်မြောက် ထောက်ပံ့ငွေနှင့် အခြေခံ စားသောက်ဖွယ်ရာများ လှူဒါန်းခြင်းကို ယနေ့ နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ထောက်ပံ့ပေးအပ်သည်။



အဆိုပါထောက်ပံ့ပွဲသို့ တက်ရောက်လာသူများကို မုန့်ဟင်းခါးကျွေးမွေးလှူဒါန်းရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဗိုလ်မှူး ဆွေလွင်အောင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲတွင် သက်ကြီးအဘိုး၊ အဘွား ၃၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှင့် ကွေကာအုပ် တစ်ထုပ်၊ ပုဆိုး၊ ပစ္စည်းများနှင့် ရပ်ကွက်ပြည်သူ အိမ်ထောင်စု ၇၀ စုတို့အား ထောက်ပံ့ငွေကျပ် ၁၀၀၀၀ စီနှင့် ဆန် နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ ဆားတစ်ထုပ်၊ ဆပ်ပြာခရင်မ်တစ်ဘူး၊ ခေါက်ဆွဲ တစ်ထုပ်စီတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မန္တလေးနေ့စဉ်(၆)

၀-၀-၀-၀-၀-၀-၀

မီးမရှို့၊ မြေမမြှုပ်၊
စက္ကူတွေကို
ဒါနလုပ် ။
- - - - - -
မျက်စိလှူကြ
မျက်ကြည်ရ၊
မြတ်သည့်လှူဒါန။

## (၁၃)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းအောင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူ

**နန်းယွန်း အောက်တိုဘာ ၁၄** စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့၊ ရှုရရပ်ကွက်၊ သာသနာပြုဇဟိုကျောင်းတိုက် သာသနာ့ရိပ်သာဗိမာန်တော်တွင် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက (၁၃)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်အောင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပသည်။

ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ မြို့ရွာအေးချမ်းသာယာစေရေးတို့အတွက် နန်းယွန်းမြို့တွင် (၁၃)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ငါးရက်ကျင်းပပြီး ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၃၉၄)



## ဗြဟ္မစိုရ်စာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်း



**မန္တလေး အောက်တိုဘာ ၁၄** မန္တလေး၊ ၃၃လမ်းနှင့်၃၄လမ်းကြား၊ ၆၂လမ်းရှိ ချမ်းအေးသာစံမြို့နယ်၊ ဗြဟ္မစိုရ်စာကြည့်တိုက်သို့ မန္တလေး၊ မြို့သစ်ရပ်နေ သုခမရင်ပြင်စာပေအလှူရှင် စိုင်းမြတ်သူ(ရွှေဘို)စာပေစေတမန်၏ (၂၇)နှစ်မြောက် မွေးနေ့အလှူအဖြစ် သုတရသစာအုပ် ၅၀ ကို ဗြဟ္မစိုရ်စာကြည့်တိုက်သို့ ယမန်နေ့ မွန်းတည့် ၁၂ နာရီက ပေးအပ်လှူဒါန်းရာ ဗြဟ္မစိုရ်စာကြည့်တိုက်မှူး သူရကိုကိုက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ အလှူရှင်သည် နေရာ ငါးနေရာသို့ သုတရသစာအုပ်များ လှူဒါန်းပြီးဖြစ်သည်။ စာပေချစ်မြတ်နိုးသူတိုင်း ဗြဟ္မစိုရ် စာကြည့်တိုက်သို့ ကိုယ်တိုင်လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၉)

# ကျန်းမာရေးအတွက် ဆေးစွမ်းထက်သော နနွင်း (Turmeric)

ကမ္ဘာသုံးဟင်းခတ်အမွှေးအကြိုင်အဖြစ် ထင်ရှားပြီး ဆေးဖက်ဝင် 'နနွင်း' ကို ရှေးနှစ်ပေါင်းများစွာက အိန္ဒိယတွင် စိုက်ပျိုးခဲ့ကြသည်။ အိန္ဒိယဟင်းခတ်မှုန့်အဖြစ် အသုံးဝင်ခဲ့သော နနွင်းသည် မြန်မာလူမျိုးတို့၏ မီးဖိုချောင်တွင် နေရာယူခဲ့သည်။ မြန်မာအမျိုးသမီးများသည် ဟင်းချက်ပြုတ်ရာတွင် အသုံးပြုသည့်အပြင် သားဖွားပြီး 'မီးနေသည်'အဖြစ် နေထိုင်ရာတွင် နနွင်းကို တစ်လက်ကိုင်ဆေးသဖွယ် စွဲမြဲစွာအသုံးပြုကြသည်။ နနွင်းကို ရေနွေးဖြင့် သောက်ခြင်း၊ ရေ(သို့မဟုတ်)ဆီဖြင့် ဖျော်၍ တစ်ကိုယ်လုံးလိမ်းခြင်း၊ နနွင်းမှုန့်ကို မီးရှို့၍ရသော 'မှိုင်း' ကို ရှူရှိုက်ပေးခြင်းဖြင့် သားဖွား ပြီးစ အမျိုးသမီးသည် ကိုယ်လက်ပေါ့ပါးခြင်း၊ အကိုက်အခဲသက်သာခြင်း၊ အိပ်ပျော်စားဝင်ခြင်း စသည့် အကျိုးကျေးဇူးများ ခံစားရသည်ဟု ဆိုပါသည်။

ရှေးလူကြီးများ ဆိုစကားကြားဖူးပါသည်။ မန္တလေးမြို့လယ်ရှိ ကျုံးရေကို မြို့သူ၊ မြို့သားများ အားထားအသုံးပြုရသည်။ ဂျပန်သုတေသနပညာရှင်သည် ကျုံးရေကို ဓာတ်ခွဲစမ်းသပ်သည်။ ကျုံးရေထဲတွင် သာမန်မျက်စိဖြင့် မမြင်နိုင်သောရောဂါပိုးမွှားများ များစွာပါဝင်သည်ကို တွေ့ရသည်။ ထို့အတူ မြို့သူ၊ မြို့သားများစွာကိုလည်း နေရာအလိုက် အုပ်စုခွဲကာ စမ်းသပ်သည်။ မြို့လူထုတွင် မည်သည့်ရောဂါ ကြီးကြီးမားမား မတွေ့ရပေ။ အကြောင်းရှာသော် မြို့နေလူထုသည် 'နနွင်းမှုန့်' ကို ဟင်းချက်တိုင်း ထည့်သွင်းအသုံးပြုနေကြောင်း သိရသည်။ မီးဖိုချောင်မှတစ်ဆင့် လူတိုင်း၏ခန္ဓာကိုယ်ထဲသို့ တိုက်ရိုက်စီးဝင်နေသော 'နနွင်း'၏ ရောဂါမျိုးစုံကို ကာကွယ်ပေးနေသော အာနိသင်ကိုတွေ့ရသည်ဟု ဆိုပါသည်။

ဤတွင် 'နနွင်း' ကို ခေတ်သစ်သုတေသနပြုရာတွင် အံ့မခန်းလူတို့ကို အကျိုးပြုကြောင်း တွေ့လာရသည်။ နနွင်းသည် အိမ်တိုင်းတွင် ရှိသည်။ ရွှေဝါရောင် ဟင်းခတ်အမွှေးအကြိုင်ဖြစ်ကာ နေ့စဉ်မပျက် စားသုံးသော အရာလည်းဖြစ်သည်။ ၎င်းသည် ဂျင်း(ချင်း)အမျိုးအနွယ်မှ ဆင်းသက်လာသည်။ နနွင်းတွင် အစွမ်းထက်ဒြပ်ပေါင်းဖြစ်သော ကာကူမင်(Curcumin)ပါဝင်သည်။ အဝါရောင်အဆင်းရှိသည်။ ရေတွင်မပျော်ဝင်ဘဲ ဆီတွင်ပျော်ဝင်လွယ်သည်။ အဖျားရောဂါကို ကာကွယ်ပေးသည်။ ကိုယ်လက်ရောင်ရမ်းခြင်းကို သက်သာစေသည်။ ဘက်တီးရီးယားပိုး၊ ဗိုင်းရပ်စ်ပိုးတို့ကို သေစေနိုင်သည်။ ပိုးသတ်ဆေးအဖြစ်လည်း အသုံးဝင်သည်။ ခန္ဓာကိုယ်သံချေးတက်ခြင်း(ခေါ်)ရောဂါပိုးဝင်ခြင်းမှလည်း ကာကွယ်ပေးသည်။ ဦးနှောက်နှင့် အာရုံကြောတို့တွင် ရောဂါမကပ်ငြိအောင် ကာကွယ်ပေးသည်။ ကိုလက်စထရောများကို လျှော့ချပေးသဖြင့် အဝလွန်ရောဂါ မဖြစ်နိုင်ပေ။ နှလုံးရောဂါဖြစ်စေတတ်သော သွေးကြောများကျစ်မာမှုကိုလည်း ကာကွယ်ပေးသည်။ ဆီးချို၊ သွေးချို ဖြစ်မှုကို မတိုးအောင် ထိန်းချုပ်ပေးသည်။ စသည်ဖြင့် လူတို့ကိုအကျိုးပြုသော စွမ်းအင်အာနိသင်များရှိသည်ကို တွေ့ရှိလာရပါသည်။

နနွင်းကို ရှေးရိုးရာဆေးတစ်လက်အဖြစ် အသုံးပြုခဲ့ကြရာမှ ယခုအခါတွင် ခေတ်သစ်ဆေးပညာပိုင်းအရ စမ်းသပ်ဖော်ထုတ်လေ့လာလျက်ရှိပါသည်။ နောင်တွင် ရောဂါအမျိုးမျိုးကို ကာကွယ်ကုသပေးနိုင်သော ဆေးဝါးများ ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ ယခုအခြေအနေတွင် လူတို့၏ကောင်းကျိုးကို အထောက်အကူပြုသော 'နနွင်း' ကို မည်သို့ စားသုံးရမည်ကို သုတေသနပညာရှင်တို့၏အဆိုအရ အောက်ပါအတိုင်း ဖော်ပြညွှန်းဆိုအပ်ပါသည်။

### အဆင့်(၁) စားသုံးပုံ

**နနွင်းမှုန့်ကို ငရုတ်ကောင်းမှုန့်နှင့် အမြဲတွဲဖက်ပေးပါ။**

ငရုတ်ကောင်းတွင် ပိုက်ပါရင်း(Piperime)ဟုခေါ်တွင်သော ဒြပ်ပေါင်းတစ်မျိုး ပါဝင်သည်။ ၎င်းသည် အခြားဒြပ်ပေါင်းများကို ခန္ဓာကိုယ်ကလိုအပ်သလို ပိုမိုစုပ်ယူနိုင်အောင် ကူညီပေးသည်။ 'နနွင်းမှုန့်'စားသုံးသောအခါ အသည်းက ကာကူမင်ကို ခြေဖျက်ပြီး စွန့်ထုတ်ပစ်ဖို့ ကြိုးစားပါသည်။ ပိုက်ပါရင်းက ယင်းဖြစ်စဉ်ကို အကာအကွယ်ပေးသည်။ ငရုတ်ကောင်းအနည်းငယ်နှင့် နနွင်းမှုန့်ကို ရောစပ်လိုက်ပါက ကာကူမင်စုပ်ယူမှုကို အဆ-၂၀ မြှင့်တင်နိုင်သည်။ ထို့ကြောင့် နနွင်းမှုန့်လက်ဖက်ရည်ဇွန်း တစ်ဇွန်းကို ငရုတ်ကောင်းမှုန့် လေးပုံတစ်ပုံရောစပ်လျှင် လုံလောက်ပါသည်။ နေ့စဉ် ပုံမှန်နနွင်းကို စားသုံးခြင်းဖြင့် 'ခန္ဓာကိုယ်အတွက် လိုအပ်သော ကာကူမင်ဒြပ်ပေါင်း'များရရှိပြီး ကိုယ်၏ကျန်းမာခြင်းနှင့် စိတ်၏ချမ်းသာခြင်းတို့ ပြည့်စုံစေပါသည်။ ဟင်းချက်ရာတွင် အချိုးကျ ထည့်ပေးပါလေ။

### အဆင့်(၂) စားသုံးပုံ

**ကျန်မာရေးနှင့် ညီညွတ်အောင် အဆီတစ်မျိုးနှင့် တွဲဖက်စပ်ဟပ်ပေးပါ။**

ကာကူမင်သည် အဆီတွင်ပျော်ဝင်နိုင်အောင်(Fat soluble)ဒြပ်ပေါင်းတစ်မျိုး ဖြစ်သည်။ ထို့ကြောင့် ကာကူမင်ပါသော နနွင်းကို အဆီတစ်မျိုးမျိုးနှင့် တွဲဖက်စားသုံးသောအခါ အသည်းကို ကျော်ဖြတ်၍ ပြန်ရည်ကြောမှတစ်ဆင့် သွေးကြောထဲသို့ ပိုမိုလွယ်ကူစွာ စုပ်ယူနိုင်ပါသည်။ ကာကူမင်ကို အဆီနှင့်တွဲဖက်စားသုံးခြင်းသည် အူသိမ်ကနေ စုပ်ယူမှုကို ပိုမိုအားကောင်းစေပါသည်။ ထို့ကြောင့် နနွင်းမှုန့်ကို အုန်းနို့၊ ထောပတ်၊ အဆီများဖြင့် တွဲဖက်ချက်ပြုတ်သော ရှေးရိုးရာဟင်းချက်နည်းများသည် ရှေးနှစ်ပေါင်းများစွာကတည်းက အောင်မြင်ခဲ့ဟန်ရှိပါသည်။ နနွင်းမှုန့် သုံးဂရမ်(လက်ဖက်ရည် တစ်ဇွန်း)၊ ငရုတ်ကောင်းမှုန့် ၀ ဒသမ ၇၅ ဂရမ်၊ ဆီအနည်းငယ်တို့ကို ဟင်းတစ်ခါချက်ရာတွင် ထည့်သုံးနိုင်လျှင် 'ကာကူမင်'ရရှိမှု လုံလောက်ပါသည်။

### အဆင့်(၃) စားသုံးပုံ

**အပူအပျော့စားပေးပါ။**

နနွင်းမှုန့်ကို အပူအပျော့စားပေးခြင်းသည် ပျော်ဝင်မှုကို မြှင့်တင်ပေးပြီး စုပ်ယူမှုကို အားကောင်းစေပါသည်။ သို့သော် အချိန်ကြာမြင့်စွာ အပူပေးခြင်းသည် 'ကာကူမင်' ကို ပျက်စီးစေနိုင်ကြောင်း သတိတော့ရှိရမည် ဖြစ်ပါသည်။ ချက်ပြုတ်သော ဟင်းလျာတွင် နနွင်းမှုန့်၊ ငရုတ်ကောင်း၊ အဆီတစ်မျိုးမျိုးကို ထည့်ချက်မည်ဆိုပါက ပထမဦးစွာ 'နနွင်း၊ ငရုတ်ကောင်း၊ ဆီ'တို့ကို တစ်မိနစ်၊ နှစ်မိနစ်ကြာ ဆီသတ်ပေးပြီးမှ ဟင်းလျာကို ထည့်၍ နူးနပ်အောင် ချက်ပြုတ်ရမည် ဖြစ်သည်။ အသားငါး၊ ဟင်းသီးဟင်းရွက်များကို ကြော်လှော်ရာတွင်လည်းကောင်း၊ ကင်ရာတွင်လည်းကောင်း၊ 'နနွင်း၊ ငရုတ်ကောင်း၊ ဆီ'တို့ကိုရောစပ်ပြီး ဟင်းလျာတို့ကို သုတ်လိမ်းပေးလျှင်လည်း အပူအပျော့စားပေးရာရောက်၍ ထိရောက်သော အကျိုးအာနိသင်ရရှိပါသည်။

### အဆင့်(၄) စားသုံးပုံ

**နနွင်းမှုန့်ကို ဇွန်းဖြင့်ဖျော်ခြင်း။**

ယေဘုယျကျန်းမာရေးအတွက်ဆိုပါလျှင် နနွင်းမှုန့်၊ လက်ဖက်ရည်ဇွန်း တစ်ဇွန်း နေ့စဉ်စားသုံးပေးလျှင် လုံလောက်ပါသည်။ ဟင်းစားဇွန်းထဲသို့ ရေ(သို့မဟုတ်)ဆီထည့်ထားပြီး 'နနွင်းမှုန့်' လက်ဖက်ရည်ဇွန်း တစ်ဇွန်းကိုယူ၍ ထည့်ပြီး မွှေပေးပါ။ ရေထဲ(သို့မဟုတ်)ဆီထဲသို့ ပျော်ဝင်အောင် မွှေပေးပါ။ ရေထဲမပျော်ဝင်ပေမယ့် ဆီထဲသို့ လွယ်ကူစွာ ပျော်ဝင်သွားပါသည်။ မည်သို့ပင်ဖြစ်စေ နနွင်းမှုန့်တစ်ဇွန်းစာကို ပါးစပ်ထဲထည့်၍ ရေဖြင့်သောက်ချခြင်း ဖြစ်ပါသည်။ နနွင်းထဲရှိ 'ကာကူမင်'သည် ကိုယ်ခန္ဓာအတွက် အထူးလိုအပ်သည်။ 'ကာကူမင်' ကို ခန္ဓာကိုယ်အသည်းက လွယ်ကူစွာစုပ်ယူနိုင်အောင် 'ငရုတ်ကောင်း'တွင်ပါသော 'ဖိုက်ပါရင်း'က ကူညီပေးသည်။ ထို့ကြောင့် နနွင်းမှုန့်သောက်ရာတွင် ငရုတ်ကောင်းမှုန့်အနည်းငယ်ထည့်၍ သောက်လျှင် ပိုကောင်းပါသည်။ 'ကာကူမင်' ကြွယ်ဝသော ခန္ဓာကိုယ်အစိတ်အပိုင်း အသီးသီးသည် ရောဂါကျရောက်မှုမှ ကင်းစင်ပြီး အစဉ်ကျန်းမာလျက်ရှိမည် ဖြစ်ပါသည်။ အသက်ကြီးရင့်လာလျှင် ဖြစ်တတ်သော အယ်လ်ဇိုင်းမားရောဂါ၊ ပါကင်ဆန်ရောဂါ၊ ကင်ဆာရောဂါတို့မှ ကင်းဝေးမည် ဖြစ်ပါသည်။

နနွင်းစားသုံးရာတွင် 'ရွှေစည်းမျဉ်း' ကို လိုက်နာရန်လိုပါသည်။ ယင်းစည်းမျဉ်းတို့မှာ-

(၁) နနွင်းမှုန့်ကို ငရုတ်ကောင်းအနည်းငယ်ရောစပ်၍ အဆီတစ်မျိုးမျိုးနှင့် သုံးဆောင်ပေးပါ။

(၂) ပမာဏများခြင်းထက် မှန်မှန်စားသုံးခြင်းပြုပါ။

(၃) ယင်းသို့ စားသုံးရာတွင် ရိုးရှင်းစွာပြုလုပ်သွားပါ။ စသည်တို့ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် နနွင်း၏အကျိုးကျေးဇူးများကို အနှစ်ချုပ်၍ တင်ပြရသော်....

(၁) ရောင်းရမ်းမှုကို သက်သာစေပါသည်။

နနွင်းတွင်ပါသော 'ကာကူမင်'သည် ရောင်ရမ်းမှုကို တိုက်ထုတ်သည်။ အဆစ်အမြစ်နာကျင်ခြင်းကို သက်သာစေပါသည်။

(၂) နှလုံးကျန်းမာရေးကို ကောင်းမွန်စေပါသည်။

နနွင်းသည် ကိုလက်စထရောကို ကျစေပြီး နှလုံးနှင့် သွေးကြောများကို ကျန်းမာစေပါသည်။

(၃) ကင်ဆာကို ကာကွယ်နိုင်သည်။ နနွင်းသည် ကင်ဆာဆဲလ်ကို နှိမ်နင်းနိုင်သည်။ ကင်ဆာအကျိတ်များ ထပ်မံကြီးထွားမလာနိုင်အောင် ကာကွယ်ပေးသည်။ အစာအိမ်နှင့် အူလမ်းကြောင်းတစ်လျှောက်ရှိ ကင်ဆာဆဲလ်များကို ကာကွယ်နှိမ်နင်းပေးသည်။

(၄) စိတ်ဓာတ်ကျစေခြင်းနှင့် သက်သာစေသည်။

နနွင်းသည် ခန္ဓာကိုယ်တွင်းမှ 'Serotonin နှင့် Dopamine'တို့ကို မြှင့်တင်ပေး၍ ပျော်ရွှင်ဖွယ်ဆိုသော ခံစားမှုကိုဖြစ်သောကြောင့် စိတ်ဓာတ်မကျအောင် အထောက်အကူပြုပေးပါသည်။

(၅) ရောဂါပိုးကူးစက်မှုကို ဟန့်တားပေးပါသည်။

ခန္ဓာကိုယ်တွင်းဝင်လာသော ဗိုင်းရပ်စ်၊ ဘက်တီးရီးယားများ ပွားများနှုန်းကို နနွင်းက ဟန့်တားပေးသောကြောင့် ရောဂါကူးစက်မှု မဖြစ်နိုင်အောင် ကာကွယ်ပေးပါသည်။

(၆) သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးပါသည်။

နနွင်းထဲရှိ 'ကာကူမင်(Curcumin)သည် သွေးတွင်း သကြားဓာတ်ကို ထိန်းညှိပါသည်။ အနာဂတ်၌ ဆီးချိုကာကွယ်မှုတွင် သုံးသောဆေးများ ပေါ်ပေါက်လာဖွယ်ရှိပါသည်။

(၇) ဦးနှောက်နှင့် မှတ်ဉာဏ်ကို ကောင်းမွန်စေပါသည်။

နနွင်းသည် ဦးနှောက်ထဲရှိ(Brain Derived Neurotrophic Factor)BDNF ခေါ်တဲ့ ပရိုတင်းပမာဏကို မြှင့်တင်ပေးပြီး မှတ်ဉာဏ်နှင့် သင်ယူမှုစွမ်းရည်ကို မြင့်မားစေပါသည်။ အယ်လ်ဇိုင်းမားရောဂါသည် BDNF ကို ကျဆင်းစေသည့်အတွက် နနွင်းကိုစားသုံးခြင်းဖြင့် အယ်လ်ဇိုင်းမားရောဂါကိုလည်း ကာကွယ်ပေးပါသည်။

### သတိပြုရန်

နနွင်းကို ဟင်းထဲထည့်ချက်ရုံပမာဏမဟုတ်ဘဲ လွန်ကဲစွာ စားသုံးလျှင် ဆိုးကျိုးရှိနိုင်ပါသည်။ နနွင်းသည် လူအများစုနှင့် တည့်သော်လည်း အချို့သောသူတွေမှာတော့ ပျို့အန်တာ၊ ဝမ်းလျှောတာ၊ ဗိုက်နာတာတွေ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် နနွင်းကို ဆေးအနေဖြင့် သောက်သုံးမည်ဆိုပါက ဆရာဝန်ညွှန်းဆိုသော အချိုးအစားအတိုင်း သောက်ပေးရမည် ဖြစ်ပါသည်။

### ရှောင်သင့်သူများ

ဆရာဝန်၏ညွှန်ကြားချက်တွင် အောက်ပါပုဂ္ဂိုလ်များ နနွင်းများစွာ စားသုံးခြင်းကို ရှောင်သင့်ပါသည်။

(၁) ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ။

(၂) ဆီးကျောက်ရှိသူများ။

(၃) သံဓာတ်အားနည်းသူများ ဖြစ်ပါသည်။

ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် နနွင်း၏အကျိုးသက်ရောက်မှုကို ဆန်းစစ်လေ့လာနေဆဲဖြစ်သောကြောင့် မည်သို့မျှ ကောက်ချက်မချနိုင်သည့်အတွက် နနွင်းကိုသတိဖြင့် စားသုံးသင့်ပါသည်။

နနွင်းသည် OXALATE များတာကြောင့် ကယ်လ်ဆီယမ်နှင့်ပေါင်းပြီး ကယ်လ်ဆီယမ်အောက်ဇလိတ်ကျောက် ဖြစ်တတ်ပါသည်။ ထို့ကြောင့် ကျောက်ကပ်ထဲကျောက်ရှိသူများ 'နနွင်း' စားခြင်းကို ဂရုပြုရပါမည်။

သံဓာတ်အားနည်းသူများတွင် Iron Deficiency Anemia ရှိသည့်အတွက် နနွင်းကို မစားသုံးသင့်ပါ။ အကြောင်းမှု နနွင်းတွင် သံဓာတ်စုပ်ယူမှုအားနည်းသောကြောင့် ဖြစ်ပါသည်။

ကိုးကား ။ ။ You Tube

သောင်းမြင့်ဇော်
သုံးဆယ်မြေ(မန္တလေး)

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၁၀)၊ ဦးပိုင်အမှတ်(၁၄၆)၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဦးသန်းငွေး (ဘ) ဦးဘရီ(၉/မနတ(နိုင်)၀၄၃၇၇၀)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးနေမျိုးဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၅၅)**
**အမှတ်(န-၃/ ၂၈)၊ ၆၂-A လမ်း၊ လမ်း၄၀နှင့်၄၁လမ်းကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**၀၉-၄၄၁၀၁၈၄၆၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁၀)၊ ဦးပိုင်အမှတ်(၄၇)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးလှရှန် အမည်ဖြင့် ချထားရရှိထားသော မြေကွက်နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်၊ နိုတြီအဆင့်ဆင့်တို့ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်နိုင်ထွန်း(ဘ)ဦးကျော်ကျော်မြင့်(၉/ခအဇ(နိုင်)၀၁၇၀၉၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ဒေါ်စန္ဒာလှိုင်** | **ဒေါ်ဂျူးဂျူးစံ** |
| **(စဉ်-၁၀၀၆၈) (LL.B)** | **(စဉ်-၁၄၃၅၇) (LL.B)** |

**တရားလွှတ်တော်ရှေ့နေများ**
**၂၆လမ်း၊ ၅၅လမ်းနှင့်၅၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၂၀၃၆၈၁၈၊ ၀၉-၇၇၄၄၂၅၅၇၇၊ ၀၉-၄၀၂၅၂၁၉၈၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၆၈)၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ (၀ ဒသမ ၀၂၈၃)ဧကနှင့် ဦးပိုင်အမှတ်(၄)၊ ဧရိယာ (၀ ဒသမ ၀၁၄၀)ဧက စုစုပေါင်း ဧရိယာ(၀ ဒသမ ၀၃၆၄)ဧက အကျယ်အဝန်းရှိ မြေကွက်သည် မိခင် ဒေါ်ခင်စောဝင်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်များ ဖြစ်ပါသည်။ ယင်းဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၄)ထပ် အဆောက်အအုံတို့အား အမည်ပေါက်သူ၏ သားသမီးများဖြစ်သော ၁။ ဒေါ်စုမွန်အေး(ဘ)ဦးအေးကြူ(၉/မဟမ (နိုင်)၀၁၁၉၈၂)၊ ၂။ ဒေါ်လှဲ့ဝါအေး(ဘ) ဦးအေးကြူ(၉/မဟမ(နိုင်)၀၀၄၂၆၂)၊ ၃။ ဦးစောမင်းသန့်(ဘ)ဦးအေးကြူ(၉/ခအဇ(နိုင်)၀၂၃၁၂၀) ကိုင်ဆောင်သူတို့မှ အမွေဆက်ခံ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်သိန်းထွန်း (LL.B,D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ**
**Myat Lay Yone Legal Service Group**
**၁၀၁(သိပ္ပံလမ်း)၊ ၆၇လမ်းနှင့်၆၇(အေ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**၀၉-၇၉၈၈၃၁၅၅၄၊ ၀၉-၄၂၆၈၀၂၅၅၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကွင်းအမှတ်(၄၉၇-ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(၄၁၆)၊ ဧရိယာ (၃ ဒသမ ၂)ဧက အကျယ်အဝန်းအတွင်းရှိ မြေကွက်အတွင်းမှ မြို့မြေကွက်စိပ်အမှတ်(C-1)၊ တောင်ဘက်ခြမ်း ပေ(၂၀×၆၀) မြေကွက်နှင့် အဆောက်အအုံ၊ ရေ၊ လျှပ်စစ်မီတာ(၁)လုံး ဆက်လက်သုံးစွဲခွင့်အပါအဝင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမြင့်ဆွေ(ဘ)ဦးညီလှ(၉/မနတ(နိုင်)၀၉၀၆၉၇)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ(ဝယ်ယူသူ)** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်တိုးတိုးကြည်(ဘ)ဦးဘလွင်** | **ဒေါ်သန်းသန်းစိုး (LL.B,D.I.L)** |
| **၉/စကန(နိုင်)၀၁၈၅၃၅** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၆၇/ ၂၇.၁၂.၁၈)** |
| | **၈၉လမ်း၊ ၄၁လမ်းနှင့်၄၂လမ်းကြား၊ အကွက်(၄၁၃)၊** |
| | **ရွှေဂူရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။** |
| | **၀၉-၄၅၈၃၁၃၃၄၅** |

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ကက-၃)၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ(၀ ဒသမ ၁၈၃၆)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ကျောက်လင်ကျောင်း(ခ)ဒေါ်နန်းခမ်းဦး (ဘ)ဦးကျောက်ချီယွင်(၁၃/ကလတ(နိုင်)၀၃၃၆၉၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၀)၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်အား ကျွန်မ ဒေါ်အေးသီတာထွန်းမှ ဝယ်ယူရန်အတွက် (၂၀-၈-၂၀၂၅)ရက်က ရောင်းကြေးစရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ ယခုအခါ အထက်ပါမြေကွက်အား သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် စစ်ဆေးခဲ့ရာ ပိုင်ရှင်နှစ်ဦးပေါ်ပေါက်ခဲ့ပြီး အရှုပ်အရှင်းများရှိနေသည်ကို သိရှိခဲ့ရပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ အရှုပ်အရှင်းများ ရှိနေပါသဖြင့် ရောင်းချသူဖြစ်သော ဒေါ်ကြည်လှဲ့ဝင်းမှ ပြေလည်အောင်ဖြေရှင်းဆောင်ရွက်ပေးပါရန် အသိပေးကြေညာပါသည်။

ရောင်းချသူမှ အထက်ပါမြေကွက်၏အရှုပ်အရှင်းများအား ရှင်းလင်းပြီးပါက ဝယ်ယူသူဘက်မှ ရောင်းကြေးကျန်ငွေများကို ဆက်လက်ပေးချေရန် အဆင်သင့်ရှိနေပါသည်။ အကယ်၍ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိပါက ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များအတိုင်း ရယူထားသည့် ရောင်းကြေးစရန်ငွေများအားလုံး၏ (၂)ဆဖြစ်သည့် ငွေကျပ်သိန်း(၁၃၅၀)ကို ပြန်လည်ပေးအပ်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ဝယ်ယူသူမှ ထပ်မံရောင်းချရန် ကန့်ကွက်ခြင်း၊ သက်ဆိုင်ရာရုံးဌာနအသီးသီးတွင်လည်း လုပ်ဆောင်မည့်ကိစ္စရပ်များအား ကန့်ကွက်ပါသည်။ ရောင်းချသူဖြစ်သော ဒေါ်ကြည်လှဲ့ဝင်း(ဘ)ဦးသက်တင်(၉/မရမ(နိုင်)၀၀၂၀၃၄)ကိုင်ဆောင်သူမှ ခိုင်လုံသည့် အထောက်အထားများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ဖြေရှင်းဆောင်ရွက်ပေးစေလိုပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်၍ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းအရ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေါ်ကြည်လှဲ့ဝင်းနှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသူထွန်း (စဉ်-၁၁၃၁၇/ ၂၀၁၇)**
**တရားလွှတ်တော်ရှေ့နေ**
**၅၅လမ်းနှင့် ၁၀၈လမ်းထောင့်၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၅၁၁၁၂၂၂၃၊ ၀၉-၉၇၁၁၁၂၂၂၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂျီ)၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ(ပေ၆၀×၄၅ပေ) အကျယ်အဝန်းရှိ ဦးလှအောင်ကြီး(ဘ)ဦးချစ်(ဒီအိုင်-၀၃၅၁၁၂)အမည်ဖြင့် ချထားရရှိသော၏မြောက်ဘက်ခြမ်း (ပေ၃၀×၄၅ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးလှအောင်(ခ)ဦးလှအောင်ကြီးသည် (၁၇-၁၀-၂၀၀၄)ရက်က ကွယ်လွန်သွားခဲ့ပြီး မိမိတို့က (၁၁-၂-၂၀၂၁)ရက်စွဲပါ၊ မိသားစုစီမံမှုပြုလုပ်သည့်သဘောတူကတိစာချုပ်အရ မိမိတို့သားအမိ(၄)ဦးတို့က ပိုင်ဆိုင်လျက်ရှိ၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော မိခင် ဒေါ်မလေး(အဘ)ဦးထွန်းတင်(၉/ပသက(နိုင်)၀၄၈၈၉၅)၊ ဦးမြင့်ဦး(အဘ)ဦးလှအောင်(ခ)ဦးလှအောင်ကြီး(၉/ပသက(နိုင်)၀၅၄၀၄၀)၊ ဒေါ်မြင့်မြင့်သန်း(အဘ)ဦးလှအောင်(ခ)ဦးလှအောင်ကြီး(၉/ပသက(နိုင်)၀၅၃၉၉၂)၊ ဒေါ်နွဲ့နွဲ့အေး(အဘ)ဦးလှအောင်(ခ)ဦးလှအောင်ကြီး(၉/ပသက(နိုင်)၀၅၃၉၉၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇/၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)၊**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၆၅)၊ ဦးပိုင်အမှတ်(၈-ဆ)၊ ၁၃လမ်းနှင့်၁၄လမ်းကြား၊ ၈၆လမ်းရှိ ဦးမောင်ကို အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးမောင်ကို၊ မိခင် ဒေါ်ကျင်မြိုင်၊ သား ဦးကျော်စိန်ဝင်း ကွယ်လွန်၍ ကျန်ရစ်သူ သား၊ သမီး၊ ချွေးမများဖြစ်ကြသော ဒေါ်မြင့်မြင့်(၉/မနမ(နိုင်)၀၄၁၁၇၅)၊ ဦးမင်းဆွေ(၉/အမဇ(နိုင်)၀၀၈၁၈၄)၊ ဒေါ်သင်းသင်းမာ(၉/အမရ(နိုင်)၀၁၅၇၈၁)၊ ဦးကျော်ဆန်း(၉/မနမ(နိုင်)၀၄၁၃၄၅)၊ ဦးသိန်းနိုင်(၉/မနမ(နိုင်)၀၄၁၃၆၅)တို့က ဦးပိုင်ခွဲမိန့်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်နှင့် ခံစင်းပြ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွား ရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၂၃)၊ ၁၇လမ်းနှင့်၁၈လမ်းကြား၊ ၆၃လမ်းနှင့်၆၄လမ်းကြားရှိ ဒု-ဗိုလ်မှူးကြီး လှအောင် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဒု-ဗိုလ်မှူးကြီး လှအောင်၊ မိခင် ဒေါ်ခင်သန်းဝင်းတို့ ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်သိမ့်သိမ့်ဇင်(၁၂/လကန(နိုင်)၁၈၂၄၇၉)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၅၀)၊ ဦးပိုင်အမှတ်(၅၅)ခဲစင်းရှေ့ခြမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြား၊ လမ်း၇၀နှင့် ၇၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ (အစ်ကို)ဦးခင်မောင်ဦးထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၃၈၇၁/၂၀၁၁)ဖြင့် ပေးကမ်းခြင်းကိုလက်ခံသော(ညီ)ဦးစိုးမြင့်(၉/မရတ(နိုင်)၁၂၀၈၆၁)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၁၉၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မီမီ(၉/မရမ(နိုင်)၀၅၁၀၀၀၈)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၄၆)ခဲစင်းအရှေ့ခြမ်း၊ ၃၉လမ်းနှင့် လမ်း၄၀ကြား၊ ၅၈လမ်းနှင့် ၅၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုးသိန်း(ခ)သန်းစိုး(၉/မနတ(နိုင်)၀၄၆၂၈၇)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဗ္ဗာနီအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁)၊ ဦးပိုင်အမှတ်(၄၅-ခ)ခဲစင်း၊ ၁၁လမ်းနှင့် ၁၂လမ်းကြား၊ ၈၁လမ်းနှင့် ၈၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြွယ်ကြွယ်စန်း(၉/မနမ(နိုင်)၁၁၉၂၂၆)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၇)၊ ဦးပိုင်အမှတ်(၈၈)၊ ၅၃လမ်းနှင့် ၅၄လမ်းကြား၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးငြိမ်း(၉/မရမ(နိုင်)၀၅၂၀၅၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၇၉၃/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းအေမီး(၁၃/နခန(နိုင်)၀၅၄၁၂၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၂)၊ ဦးပိုင်အမှတ်(၂၉-က)၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြား၊ ၄၈လမ်းနှင့် ၄၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ပြုံးထွေး(၉/အမရ(နိုင်)၀၀၄၀၉၆)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၃၅၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သီတာဝင်း(၁၃/နခန(နိုင်)၁၀၅၅၄၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၃-ည/၁)ခဲစင်း၊ ၁၉လမ်းနှင့် ၁၄လမ်းကြား၊ လမ်း၆၀နှင့် ၆၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မေဝင်း(၉/မနမ(နိုင်)၀၆၅၈၇၂)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၃)၊ ဦးပိုင်အမှတ်(၄၄)၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နာမီး(ခ)တင်တင်ရှိန်(၁/မညန(နိုင်)၀၇၉၈၇၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(H)၊ ဦးပိုင်အမှတ်(၅၄)၊ ၆၇လမ်း၊ ၁၀၆လမ်းနှင့် ၁၀၆(A)လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဦးစောစာလမွန်၏(GPရရှိသူ ဦးမန်းစိုးဟန်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၅၈၂/၂၀၀၇)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြင့်မြင့်သန်း၏(SPရရှိသူ ဒေါ်ဥမ္မာအောင်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၉၃၃/၂၀၁၁)ဖြင့် ဝယ်ယူခဲ့သူ ဦးမြင့်လွင်၏(SPရရှိသူ ဦးကျွေကျုံး(ခ)တင်နောင်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၅၄၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စိုးစိုးအေး(ခ)နန်းစိုးစိုးအေး(၉/မကန(နိုင်)၀၇၇၈၉၂)က အမှုတွဲအမှတ် (၂၉၅၂/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၉)၊ ဦးပိုင်အမှတ်(၂၃-ခ)ခဲစင်း၊ ၁၀၁လမ်းနှင့် ၁၀၇လမ်းကြား၊ ရထားသံလမ်းနှင့် နဒီမြောင်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ အပေးစာချုပ်အမှတ်(၂၂၉၈/၂၀၀၆)ဖြင့် လက်ခံခဲ့သော ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ကောင်းဆက်တို့၏(SPရရှိသူ ဦးမြသွေး)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၇၄၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လီလီမြင့်(၁/မညန(ပြု)၀၀၀၀၂၄)က အမှုတွဲအမှတ်(၂၉၆၅/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၇)၊ ဦးပိုင်အမှတ်(၂၀)၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ လမ်း၇၀နှင့် ၇၁လမ်းကြားရှိ ဒေါ်ပြုံးပြုံးဇင်အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၅၀၆/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ KYAUNG WOUN LINK(ခ)ဦးထွန်းငြိမ်း(၉/ခအဇ(ပြု)၀၀၀၅၃၆)က အမှုတွဲအမှတ်(၂၉၆၂/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၀၇)၊ ဦးပိုင်အမှတ်(၂၈)ခဲစင်း၊ ၈၉(ဒီ)လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြားရှိ ဦးအောင်ညွန့်၊ ဒေါ်ခင်ပုတို့အမည်ပေါက်ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၉၁၀/၂၀၁၂)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူဒေါ်ခင်ပုထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၂၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သော ဒေါ်ဝတ်ရည်သင်း(၅/မမတ(နိုင်)၀၀၁၄၀၉)၊ ဒေါ်ကျော့ခိုင်သင်း(၉/မနတ(နိုင်)၀၉၇၀၉၈)တို့က အမှုတွဲအမှတ်(၀၃၅၄/ဘခွဲ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၉)၊ ဦးပိုင်အမှတ်(၂၃-ခ)ခဲစင်း၊ ၁၀၁လမ်းနှင့် ၁၀၇လမ်းကြား၊ ရထားသံလမ်းနှင့် နဒီမြောင်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ အပေးစာချုပ်အမှတ်(၂၂၉၈/၂၀၀၆)ဖြင့် လက်ခံခဲ့သော ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ကောင်းဆက်တို့၏(SPရရှိသူ ဦးမြသွေး)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၇၄၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လီလီမြင့်(၁/မညန(ပြု)၀၀၀၀၂၄)က အမှုတွဲအမှတ်(၂၉၆၄/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂)၊ ဦးပိုင်အမှတ်(၃၇)၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဦးလှသွင်အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်သန်းသန်း၊ ဦးထူးအောင်သူက တရားပြိုင် ဦးလှသွင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၁၆/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်သန်းသန်း(၉/မရမ(နိုင်)၀၃၆၂၇၁)၊ ဦးထူးအောင်သူ(၉/မရမ(နိုင်)၀၈၃၀၃၁)တို့က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၇၂-က)၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထင်ကျော်(၉/မရတ(နိုင်)၁၀၁၃၁၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဗ္ဗာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၆)၊ ဦးပိုင်အမှတ်(၄၂)၊ ၁၁လမ်းနှင့် ၁၂လမ်းကြား၊ ၇၆လမ်းနှင့် ၇၇လမ်းကြားရှိ ဘိုးဘမြေကွက်အားအမည်ပေါက်သူ မမိန်းကလေးကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသူများဖြစ်သော ဦးလှဖေ၊ ဒေါ်စီ၊ ဒေါ်ရင်၊ ဦးအေးကိုတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၆၇၈/၁၁၉၈)ဖြင့် ဝယ်ယူခဲ့သူ ခင်ပွန်း ဦးခင်ဦးကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်သန်းညွန့်(၉/မနမ(နိုင်)၀၁၈၉၂၈)က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂)၊ ဦးပိုင်အမှတ်(၁၄)ခဲစင်း၊ ၁၁၃(A)လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဒေါ်လှဲ့လှဲ့ဝင်းလှိုင်၊ ဒေါ်လှဲ့ရီဝင်းတို့(၂)ဦးအနက် ဒေါ်လှဲ့လှဲ့ဝင်းလှိုင်ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၅၀၆/၂၀၂၅)ဖြင့် လက်ခံခဲ့သူ ဒေါ်လှဲ့ရီဝင်း(၁၃/တကန(နိုင်)၂၈၆၁၃၉)က အမှုတွဲအမှတ်(၂၉၅၄/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၅)၊ ဦးပိုင်အမှတ်(၅၅)၊ ၆၉လမ်း၊ ၁၁၅လမ်းနှင့် ၁၁၆လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးချစ်မြိုင်၏(SP ရရှိသူ ဦးစိုးလင်းထက်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၂၂/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီတာနိုင်(၉/ခအဇ(နိုင်)၀၁၁၇၁၂)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၉၆၀/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂)၊ ဦးပိုင်အမှတ်(၁၄)ခဲစင်း၊ ၁၁၃(A)လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဒေါ်လှဲ့လှဲ့ဝင်းလှိုင်၊ ဒေါ်လှဲ့ရီဝင်းတို့(၂)ဦးအနက် ဒေါ်လှဲ့ရီဝင်းထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၅၀၅/၂၀၂၅)ဖြင့် လက်ခံခဲ့သူ ဒေါ်လှဲ့လှဲ့ဝင်းလှိုင်(၉/ခမစ(နိုင်)၀၀၃၇၉၇)က အမှုတွဲအမှတ်(၂၉၅၅/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၄)၊ ဦးပိုင်အမှတ်(၈၆)၊ ၁၁၅လမ်းနှင့် ၁၁၆လမ်းကြား၊ လမ်း၇၀ရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးခင်ထံမှမှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၆၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ချိုတူးမာ(၅/မနတ(နိုင်)၀၆၂၄၈၉)၊ ဒေါ်ချောသူသူဝင်း(၁၀/ကထန(နိုင်)၀၉၆၅၁၆)တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၉၅၈/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၉)၊ ဦးပိုင်အမှတ်(၁၁၀)၊ ၆၄(အေ)လမ်း၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်ညို၏(SP ရရှိသူ ဦးစိန်ဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၆၀၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တွန်ပေါက်ချင်(၁၃/လရန(နိုင်)၀၅၃၈၈၂)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၉၅၉/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ မြန်မာနိုင်ငံ၏ပတ်ဝန်းကျင်နှင့် အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေမှာ ၄ ဘီလီယံနီးပါးရှိပြီး ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိသည့်အတွက် မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကုန်ပစ္စည်းများကို တင်ပို့နိုင်သောခိုင်မာသည့်ဈေးကွက်ရှိပြီးဖြစ်…

❖ မိမိတို့နိုင်ငံတွင်ရှိပြီးဖြစ်သည့် အရင်းအမြစ်များကို ကောင်းစွာအသုံးချနိုင်ရန်လိုပြီး မူလတန်ဖိုးဖြစ်သည့် အရေးပါမှုများကို အရာရောက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်သူများ နေ့စဉ်သုံးစွဲရန်လိုအပ်သည့် စက်သုံးဆီကို သင်တင့်သောဈေးနှုန်းဖြင့် စဉ်ဆက်မပြတ် အဆင်ပြေလွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရေး အထူးအလေးထား စီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၄

ပြည်သူများ နေ့စဉ်သုံးစွဲရန်လိုအပ်သည့်စက်သုံးဆီကို သင်တင့်သောဈေးနှုန်းဖြင့် စဉ်ဆက်မပြတ် အဆင်ပြေလွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များကို ချိတ်ဆက်ထားသော အဓိကလမ်းပိုင်းများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အဓိကမြို့ကြီးများမှ စက်သုံးဆီအရောင်းဆိုင်များကို စက်သုံးဆီများကြိုတင်ဖြည့်တင်းထားသည့်အပြင် လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ထပ်မံဖြည့်တင်းပေးနိုင်ရန် ဆီတင်ယာဉ်ကြီးများကို စက်သုံးဆီအပြည့်ဖြည့်တင်းပြီး ဒေသအလိုက် စီမံထားရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

စာမျက်နှာ ၈ သို့ ❖

## ဒီပါဝလီနေ့ ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်းကြေညာ

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်) တနင်္လာနေ့သည် "ဒီပါဝလီနေ့" ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁၉၀/၂၀၂၅ ဖြင့် ကြေညာထားသည်။

## ကျောက်မဲမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများ၌ ကျောင်းအပ်နှံမှုများလက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား အောက်တိုဘာ ၈ ရက်မှစတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့တွင် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းတို့တွင် ကျောင်းအပ်စတင်လက်ခံခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူ ၂၅၄ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၇၆၀ ကျောင်းတက်ရောက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းလျက်ရှိသည့် ဒေသမှ ကျောင်းသား ကျောင်းသူများနည်းတူ စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါထပ်မံကျောင်းအပ်နှံသည့် ကျောင်းသားကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၆ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာ ငါးဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ကျောက်မဲမြို့၌ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများ အခမဲ့ပေးအပ်စဉ်။

သတင်းစဉ်




## FIFA - MA REFEREEING COURSE 2025 သင်တန်းဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၁၄

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)၊ ဒိုင်ကော်မတီ၊ ဒိုင်ဌာနတို့ ပူးပေါင်းဖွင့်လှစ်သော FIFA - MA REFEREEING COURSE 2025 သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက MFF အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သိန်းသိန်းအေး၊ ကော်မတီဝင် ဦးထွန်းလှအောင်၊ ဒိုင်လုပ်ငန်းဌာန တာဝန်ခံ ဦးလှမင်းနှင့် တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သိန်းသိန်းအေးနှင့် သင်တန်းနည်းပြဆရာ Mr. Mohamad Rodzali Bin Yacob တို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ကြသည်။

FIFA - MA REFEREEING COURSE 2025 သင်တန်းကို အောက်တိုဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်သွားမည် ဖြစ်သည်။

(NGB)